# ဒဏ်ခတ်သော

# ကောင်းကင်တမန်များ



**Adrian Ebens**

# ဒဏ်ခတ်သော ကောင်းကင်တမန်များ

Adrian Ebens

ပုံနှိပ်ထုတ်ဝေသူ

www.maranathamedia-myanmar.com

မာတိကာ

ဒဏ်ခတ်သော ကောင်းကင်တမန်များ

ဗာလမ်ပုံပြင်

ကျမ်းစာကို မည်သို့နားလည်ရမည်နည်း။

ကျွန်ုပ်တို့အတွက် စံပြဖြစ်သော ခရစ်တော်

ဘုရားသခင်၏ စာရိတ္တတော်ဖြစ်သော ပညတ်တော်

တရားသော သတ်ဖြတ်ခြင်း

ဣသရေလလူတို့ကို ရေတွက်ခြင်း

ပွားများလာသော အပြစ်တရား

ရန်သူ ကျရောက်စေသော ကပ်ရောဂါ

ဘုရားသခင့်သားတော်၏ ဓား

အာရှုရိစစ်တပ် ဖျက်ဆီးခံရခြင်း

ဟေရုဒ်မင်း၏ သေဆုံးခြင်း

ကောင်းကင်တမန်များနှင့် ဆိုးသောတမန်များ၏ ဖျက်ဆီးခြင်းတန်ခိုး

ကျိုးကြောင်းဆင်ခြင်၍ ဖတ်ရှုခြင်း

အဲဂုတ္တုပြည်တွင် သားဦးအပေါင်းကို သတ်ခဲ့သောဖျက်ဆီးသူ စာတန်

ယေရိခေါမြို့ရိုး

ကျမ်းစာထဲတွင် ဒဏ်ခတ်သည့် ကောင်းကင်တမန်များအကြောင်း ရှာကြည့်လျှင် ကျမ်းစာပုံပြင်လေးခုလောက် ကျွန်တော်တို့တွေ့နိုင်သည်။

၁။ တောလည်ရာကျမ်း ၂၂ တွင် ကောင်းကင်တမန်ကို မြင်သော မြည်းကို ရိုက်သည့် ဗာလမ်ပုံပြင်ကို တွေ့ရသည်။

၂။ ဓမ္မရာဇဝင် ဒုတိယစောင် ၂၄ တွင် ဣသရေလလူမျိုးတို့ကို ဒါဝိဒ်ရေတွက်သည့်အတွက် လူပေါင်း ခုနှစ်သောင်းကို ကောင်းကင်တမန် ဒဏ်ခတ်သည့်အကြောင်း တွေ့နိုင်သည်။

၃။ ဓမ္မရာဇဝင် စတုတ္ထစောင် ၁၉း ၃၅၊ ဟေရှာယ ၃၇: ၃၆ တို့တွင် လူပေါင်း ၁၈၅၀၀၀ ရှိသော အာရှုရိတပ်ကို ကောင်းကင်တမန်တို့ ဒဏ်ခတ်သည့်အကြောင်း တွေ့နိုင်သည်။

၄။ တမန်တော် ၁၂း ၂၄ တွင် အပြစ်ကြောင့် ဟေရုဒ်မင်းကြီးကို ဒဏ်ခတ်သည့် ကောင်းကင်တမန်အကြောင်း တွေ့ရသည်။

## ဗာလမ်ပုံပြင်

ပထမပုံပြင်သည် ကောင်းကင်တမန်က ဒဏ်ခတ်သည့်အကြောင်းတော့ မဟုတ်ပါ။ ကောင်းကင်တမန်ကို ကြောက်၍ ဆက်မသွားဘဲ ရပ်သွားသည့် မြည်းကို ဒဏ်ခတ်(သို့) ရိုက်နှက်သည့် ဗာလမ်၏ ပုံပြင်ဖြစ်သည်။ ကောင်းကင်တမန်သည် ဗာလမ်ရှေ့တွင် ဒဏ်ခတ်ရန် ဓားကိုကိုင်လျက် ရပ်နေခဲ့သည်။

> "ထိုသို့လိုက်သောကြောင့်၊ ဘုရားသခင် အမျက်တော်ထွက်၍၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူ့ကို ဆီးတားခြင်းငှါ လမ်း၌ ရပ်နေ၏။ ထိုအခါ ဗာလမ် သည် မြည်းကို စီး၍ ငယ်သားနှစ်ယောက်နှင့် သွားစဉ်တွင်၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ဓားကို မိုးလျက်၊ လမ်း၌ ရပ်နေသည်ကို မြည်းသည် မြင်လျှင်၊ လမ်းလွှဲ၍ လယ်သို့ဝင်လေ၏။ ဗာလမ်လည်း မြည်းကို လမ်းသို့ပြန်စေခြင်းငှါ ရိုက်လေ၏။"
> တောလည်ရာကျမ်း ၂၂း ၂၂-၂၃

လမ်း၌သူ့ကိုတားသည့် ကောင်းကင်တမန်ကို ဗာလမ်မမြင်ခဲ့ပါ။ လမ်းလွှဲ၍သွားသော မြည်း အပေါ် ဗာလမ်စိတ်ဆိုးခဲ့သည်။

> "ဗာလမ်က၊ သင်သည် ငါ့ကို ကျီစားပါသည် တကား။ ငါ၌ ဓားရှိပါစေသော။ ဓားရှိလျှင် သင့်ကို ယခုသတ်မည်ဟု မြည်းအားဆို၏။" တောလည်ရာကျမ်း ၂၂း ၂၉

မြည်းကို ဓားဖြင့်သတ်မည်ဟု ပြောပြီးနောက် သူ့မျက်စိများပွင့်၍ ကောင်းကင်တမန်သည် ဓားကိုက်လျက် ရပ်နေသည်ကို မြင်ခဲ့သည်။ "ထာဝရဘုရား၏ ကောင်းကင်တမန်" ဟူသော အသုံးနှုန်းသည် ခရစ်တော်ကို ရည်ညွှန်း၍လည်း သုံးနှုန်းလေ့လည်း ရှိပါသည်။ (ထွက် ၃း ၂၊ ၃း ၁၄၊ ၂၃း ၂၀၊ ၃၂း ၃၄) ခရစ်တော်က ဗာလမ်အား

> "မြည်းသည် ငါ့ကို မြင်၍ သုံးကြိမ်ရှောင်ခဲ့ပြီ။ ထိုသို့မရှောင်လျှင်၊ အကယ်စင်စစ် သင့်ကို ငါသတ်၍ မြည်းကို အသက်ချမ်းသာပေးလေပြီဟု ဆို၏။" တောလည်ရာကျမ်း ၂၂း ၃၃

ဤအကြောင်းထပ်လေ့လာလျှင် ဗာလမ်အကြောင်း အရေးကြီးသောအချက်တစ်ချက် တွေ့နိုင်ပါသည်။

> ဣသရေလတို့ကို ကျိန်ဆဲရန်ဗာလမ်ကို ရှင်ဘုရင်ဆင့်ခေါ်သောအခါ ဘုရားသခင်က ခွင့်မပြုခဲ့ချေ။ "ယာကုပ်အမျိုးကို ညှဉ်းဆဲသောအမှု၊ ဣသရေလအမျိုးတစ်ဖက်၌ပြု သော နှောင့်ယှက်ခြင်းအမှုကို ဘုရားသခင်သည် ကြည့်ရှုနေတော်မမူ။" **သို့သော်လည်း ဗာလမ်သည် စာတန်၏သွေးဆောင်မှုနောက် ပါသွားသည်ဖြစ်၍ စာတန်၏ကိုယ်စား လှယ် လုံးလုံးဖြစ်သွားတော့သည်။** သူ တိုက်ရိုက်လုပ်ဆောင်ရန် ဘုရားသခင် ခွင့်မပြုခဲ့ သည့်အရာကို တိုက်ရိုက်လုပ်ဆောင်ရန် သူစိတ်ပိုင်းဖြတ်ထားလိုက်သည်။" 5T 598

ထိုမှုကို လုပ်ရန်မသွားသင့်ကြောင်း ဗာလမ် ကောင်းကောင်းသိသည်။ စာတန်၏ ကိုယ်စား လှယ်ဖြစ်ရန် သူရွေးချယ်ခဲ့သောကြောင့် ကောင်းကင်တမန်နဲ့ ဆုံသောအခါ သူ၏ သတ်ဖြတ် လိုသော စရိုက်ပေါ်သွားသည်။ ကောင်းကင်တမန်သည် ဒဏ်ခတ်သူ အသွင်ဆောင်၍ ပေါ် လာသည်။ "ရန်သူ"သည် ဟေဗြဲဘာသာတွင် စာတန်ဖြစ်သည်။ ခရစ်တော်သည် စာတန်၏ ဝိညာဉ်လွှမ်းမိုးသဖြင့် စိတ်နှလုံးတွင် သတ်ဖြတ်လိုစိတ် ပြည့်နေသည့် ဗာလမ်အသွင်မျိုးဖြင့်

ဓားကိုင်လျက် ပေါ်လာသည်။ သို့သော်လည်း ဗာလမ်ကို လုပ်ချင်သည့်အရာလုပ်နိုင်ရန် သွားခွင့်ပြုခဲ့သည့်အတွက် ခရစ်တော်၌ သတ်ဖြတ်လိုသော ဆန္ဒမရှိကြောင်း ထင်ရှားပါသည်။ ဗာလမ်၏ ပျက်စီးခြင်းကို တာဆီးသတိပေးရန်သာ ပေါ်လာခြင်းဖြစ်သည်။

> "သူ ရက်ရက်စက်စက်ဆက်ဆံခဲ့သည့် သနားစရာမြည်းအပေါ် ဗာလမ်အသက်ကြွေးတင်နေပါသည်။ သူ့ကိုယ်သူ ဘုရားသခင်၏ပရောဖက်ဖြစ်ပါသည်၊ မျက်စိပွင့်၍ အမြင့်ဆုံးသောဘုရားကို ဗျာဒိတ်မြင်ခဲ့ပါသည်ဟု ကြွေးကြော်ထားသူသည် မိမိရှေ့တည့်တည့်တွင် ရှိနေသော ကောင်းကင်တမန်ကို မမြင်နိုင်သည့်တိုင်အောင် လိုချင်တပ်မက်စိတ်တို့ဖြင့် ကန်းနေခဲ့သည်။ "ထိုသို့မယုံကြည်သောသူတို့ကား၊ ဤလောကကို အစိုးရသောဘုရားသည်သူတို့၏ ဉာဏ်မျက်စိကို ကွယ်စေ၏။" (၂ကော ၄း ၄) ထိုကဲ့သို့ ကန်းသောသူ အဘယ်မျှလောက်များသနည်း။ **သူတို့သည် တားမြစ်ထားသော လမ်းကိုလျှောက်ကာ၊ ဘုရားသခင်၏ ပညတ်တို့ကို ချိုးဖောက်ကာ ဘုရာသခင်နှင့် ကောင်းကင်တမန်တို့သည် သူတို့တစ်ဖက်၌ ရပ်နေသည်ကို မမြင်နိုင်ကြ။ ဗာလမ်ကဲ့သို့ သူတို့ပျက်စီးရာလမ်းကို တားမြစ်သူများအပေါ် ဒေါသအမျက်ထွက်တတ်ကြသည်။**" (PP 442. 4)

ဗာလမ်၏အသွင်ကိုဆောင်၍ ဗာလမ်ရှေ့တွင် ခရစ်တော် ကိုယ်ယောင်ပြခဲ့သည်။ မိမိကိုယ်မိမိ ဖျက်ဆီးနေသည့် ဗာလမ်ကို တားမြစ်ရန်ဖြစ်သည်။ အပြစ်များပြားသည်အရာ၌ ကရုဏာတော် သာ၍ကြွဝစေရန် ဤသို့တားရခြင်းဖြစ်သည်။ သို့သော်လည်း ဗာလမ်သည် မိမိအပြစ်ကို နောင်တမရ။ ဗာလမ်ပြုခဲ့သော ဆိုးညစ်သည့်အမှုများကြောင့် ခရစ်တော် ကြေကွဲခဲ့ရသည်။ ဗာလမ်က ပုန်ကန်သဖြင့် ခရစ်တော်သည် သူ့ရန်သူဖြစ်လာသည်။

> "သူတို့ခံရသမျှသောဆင်းရဲဒုက္ခကို ကိုယ်တော်လည်း ခံတော်မူခဲ့၏။ မျက်မှောက်တော်ရှိ ကောင်းကင်တမန်သည် သူတို့ကိုကယ်တင်ခဲ့၏။ ကိုယ်တော်သည် မေတ္တာကရုဏာတော်ဖြင့် သူတို့ကို ရွေးနုတ်တော်မူခဲ့၏။ ရှေးကာလပတ်လုံး သူတို့ကိုချီဆောင်တော်မူခဲ့၏။ သို့သော်၊ သူတို့သည် ပုန်ကန်ခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို ဝမ်းနည်းစေခဲ့သောကြောင့် ကိုယ်တော်သည် သူတို့၏ရန်သူဖြစ်သွား၍ သူတို့ကို တိုက်ခိုက်တော်မူ၏" ဟေရှာယ ၆၃း ၉-၁၀

ရန်သူဖြစ်သွားသည့် စကားလုံး၏ ဟေဗြဲဘာသာအသုံးတွင် (niphal form) သုံးထားသည့်အတွက် ဘုရားသခင်ဘက်မှ ရန်သူအဖြစ်သတ်မှတ်ခြင်း မျိုးမဟုတ်ဘဲ၊ ရန်သူအဖြစ်သတ်မှတ်ခံရသည့်အနက်မျိုးရှိပါသည်။ ဗာလမ်၏ ပုန်ကန်မှုကြောင့် ခရစ်တော်သည် သူ့ရန်သူအသွင်ဖြင့် ပေါ်လာခြင်းဖြစ်သည်။ ဗာလမ်သည် နှုတ်ကပတ်တော် လိုက်လျှောက်သူမဟုတ်သည့်အတွက် မိမိအသွင်ကို ကြည့်မှန်ကဲ့သို့ မြင်ရခြင်းမျိုးဖြစ်သည်။

> "တရားကိုမကျင့်ဘဲနာရုံမျှသာ ပြုသောသူမည်သည်ကား၊ မှန်၌ မိမိပကတိမျက်နှာကို ကြည့်သော သူနှင့်တူ၏။" ယာကုပ် ၁း ၂၃

ယောရှုရှေ့တွင် ခရစ်တော်ပေါ်လာစဉ်တွင်မူ ရန်သူအသွင်ကို မဆောင်ခဲ့ပါ။ ယေရှု၏ပုံစံဖြစ်သော စစ်သားပုံစံ အသွင်ယူ၍ ပေါ်လာခဲ့သည်။

> "ယောရှုသည် ယေရိခေါမြို့အနားမှာ ရှိနေစဉ် မျှော်ကြည့်၍၊ **လူတယောက်သည် ဓားကိုထားအိမ်မှ ထုတ်ကိုင်လျက်၊ ကန့်လန့်ရပ်နေသည်**ကို မြင်လျှင်၊ သူ့ထံသို့ သွား၍ သင်သည်ငါတို့ဘက်၌နေသောသူလော၊ ငါတို့ရန်သူဘက်၌ နေသောသူလောဟုမေးသော်၊" ယောရှု ၅း ၁၃

> "ဘုရားသခင်၏အတူရှိခြင်းအတွက် ဆုတောင်းရန် ဣသရေလစစ်တပ်ထွက်လာစဉ် စစ်ဝတ်စုံကို ဝတ်ဆင်၍ လက်ထဲတွင် **ဓားကိုကိုင်ထားသည့်** မြင့်မြတ်သည့်အသွင်ရှိသော လူတစ်ယောက်ကို ယောရှု မြင်ခဲ့သည်။ ထိုသူသည် ဣသရေလတပ်သား မဟုတ်ကြောင်း ယောရှုသိသည်။ သို့သော် ထိုသူသည် **ရန်ဖက်ပြုမည့်ပုံလည်း မပေါ်။ သိလိုစိတ်ဖြင့် ချဉ်းကပ်၍ "သင်သည်ငါတို့ဘက်၌နေသောသူလော၊ ငါတို့ရန်သူ ဘက်၌နေသောသူလော" ဟုမေးခဲ့သည်။** ထိုသူက၊ ထိုသို့မဟုတ်၊ ထာဝရဘုရား၏ဗိုလ်ခြေကိုအုပ်စိုးသော ဗိုလ်မှူးဖြစ်၍ ယခုငါလာသည်ဟုဆို၏။ **ယောရှုသည်လည်း မြေပေါ်မှာပြပ်ဝပ်ကိုးကွယ်လျက်၊** ကိုယ်တော်ကျွန်အား အဘယ်သို့ မိန့်တော်မူမည်နည်းဟု မေးလျှောက်သော်၊ ထာဝရဘုရား၏ ဗိုလ်ခြေကိုအုပ်စိုးသော ဗိုလ်မှူးက၊ သင်၏ခြေနင်းကိုချွတ်လော့။ သင်နင်းသောအရပ်ကား မြေမြတ်ဖြစ်သည်ဟု ဆိုသည်အတိုင်း ယောရှုပြုလေ၏။" (1SP 347. 3)

ခရစ်တော်သည် ဗာလမ်၏ ရန်သူဖြစ်သောကြောင့် ရန်သူအသွင်ဖြင့် ဗာလမ်ထံ ခရစ်တော် ထင်ရှားခဲ့သည်။ ခရစ်တော်သည် ယောရှု၏ရန်သူမဟုတ်သောကြောင့် ယောရှုထံ ရန်သူအသွင်ဖြင့် မလာခဲ့ချေ။

ဗာလမ်ကို သတ်မိလိမ့်မည်ဟု ခရစ်တော်ဘာကြောင့် ပြောခဲ့သနည်း။

"ထိုအခါ ထာဝရဘုရားသည် ဗာလမ်မျက်စိကို ဖွင့်တော်မူ၍၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ဓားကိုမိုးလျက်၊ လမ်း၌ ရပ်နေသည်ကို ဗာလမ်သည် မြင်သဖြင့် ဦးချ၍ ပျပ်ဝပ်လေ၏။ ထာဝရဘုရား၏ကောင်းကင်တမန်ကလည်း၊ သင်၏မြည်းကို သုံးကြိမ်တိုင်အောင် အဘယ်ကြောင့် ရိုက်သနည်း။ **သင်သွားသောလမ်းသည် ငါနှင့် ဆန့်ကျင် ဘက်ဖြစ်သောကြောင့်၊ သင့်ကို ဆီးတားခြင်းငှါ ငါထွက်လာပြီ။** မြည်းသည် ငါ့ကို မြင်၍ သုံးကြိမ်ရှောင်ခဲ့ပြီ။ ထိုသို့မရှောင်လျှင်၊ အကယ်စင်စစ် သင့်ကိုငါသတ်၍ မြည်းကို အသက်ချမ်းသာပေးလေပြီဟု ဆို၏။" တောလည်ရာကျမ်း ၂၂း ၃၁-၃၃

လမ်းရပ်နေသည့် ခရစ်တော်ကို တွေ့သောအခါ မြည်းက အန္တရာယ်ခံစားမိသည်။ ဗာလမ်၏ အပြုအမူကြောင့် ပျက်စီးခြင်းမှ ကယ်တင်ရန် ဗာလမ်ကို ခရစ်တော် ရန်ဘက်ပြုခဲ့သည်။ မြည်းကပင် ဗာလမ်ထက် အဖြစ်အပျက်ကို ပိုနားလည်နေသည်။ ကမ္ဘာကြီးကို ရေလွှမ်းမိုးခဲ့စဉ်က အဖြစ်ပျက်နှင့် တူနေပါသည်။ ထိုလူများထက် တိရိစ္ဆာန်များက ကြုံလာမည့် ပျက်စီးခြင်းကို ပိုမြင်နိုင်ကြသည်။

> "ဉာဏ်ပညာမရှိသော တိရိစ္ဆာန်များ လူသားများ၏အသိဉာဏ်နီးပါး ပြုမူပုံများသည် အံ့သြစရာကောင်းလှပါသည်။ တိရိစ္ဆာန်များလည်း မြင်နိုင်၊ ကြားနိုင်၊ ချစ်တတ်၊ ကြောက်တတ်၊ ခံစားတတ်ကြပါသည်။" (MH 315. 3)

ဘာကြောင့် အန္တရာယ်မှကယ်တင်ရန် ကြိုးစားသည့် မြည်းသည် ဗာလမ်၏ ရိုက်နှက်ခြင်းကို ခံရသနည်း။ မြည်းသည် စကားပြောခြင်းအရာတွင် ဆွံ့အသော်လည်း ခံစားနိုင်စွမ်းအရာတွင် အားကောင်းသောကြောင့်ဖြစ်သည်။ မြည်းသည် ဗာလမ်ထက် အရိပ်အကဲ ပိုနားလည်၏။

ခရစ်တော်က သူ့ကို တားဆီးရန် ထွက်လာခြင်းဖြစ်ကြောင်း ဗာလမ်ကို ပြောပြခဲ့သည်။ ခရစ်တော် ဘယ်လို စာတန် (ဆီးတားသူ၊ ရန်သူ) ဖြစ်လာရသနည်း။ တောလည်ရာကျမ်း ၂၂း ၈တွင် ဤသို့တွေ့ရသည်။

"ထာဝရဘုရားကလည်း၊ **မီးမြွေ**ရုပ်ကိုလုပ်၍ တိုင်ပေါ်မှာ မြှောက်ထားလော့။ အကိုက်ခံရသော သူတိုင်း ကြည့်ရှုလျှင် အသက်ချမ်းသာရလိမ့်မည်ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊"

ဓားကိုင်လျက်ရပ်နေသည့် ခရစ်တော်ကို ဗာလမ်တွေ့ခဲ့စဉ် မိမိအပြစ်ကို ဝန်ခံ၍ နောင်တရခဲ့သင့်ပါသည်။ ဗာလမ်နောင်တရ၍ ပြောင်းလဲခဲ့သလော။

"ထိုအခါ ဗာလမ်က ထာဝရဘုရား၏ ကောင်းကင်တမန်အား" အကျွန်ုပ်ပြစ်မှားပါပြီ။ ကိုယ်တော်သည် အကျွန်ုပ်ကိုဆီးတားရန် လမ်း၌ရပ်နေသည်ကို အကျွန်ုပ်မသိပါ။ **ကိုယ်တော်မနှစ်မြို့လျှင်** အကျွန်ုပ်ပြန်သွားပါမည်ဟု လျှောက်လေ၏။" တောလည်ရာ ၂၂း ၃၄

သူ့လုပ်ရပ်ကို ကိုယ်တော်မနှစ်သက်မှန်း သိထားလျက်နှင့် ကိုယ်တော်မနှစ်မြို့လျှင်ဟု ဆင်ခြေပေးခဲ့သည်။ ကိုယ်တော်၏ သတိပေးချက်ကို လစ်လျူရှုကာ နောင်တမရသည့်အတွက် သူ့စိတ်ဆန္ဒအတိုင်း ခရစ်တော်ဖြည့်ဆည်းပေးခဲ့သည်။ သူပြောင်းလဲလာရန် အတင်းအကျပ်မပြုခဲ့ပါ။

"ထာဝရဘုရား၏ကောင်းကင်တမန်က၊ **သူတို့နှင့်အတူ လိုက်လော့။** သို့ရာတွင် ငါမှာထားသော စကားကို သာ ဟောပြောရမည်ဟု ဗာလမ်အား  မိန့်တော်မူသည်အတိုင်း၊ သူသည် ဗာလက်မင်း၏ ကျွန်တို့နှင့်အတူ လိုက်သွားလေ၏။"  တောလည်ရာ ၂၂း ၃၅

ခရီးဆက်ခွင့် ပြုခဲ့သည့်အတွက် ဗာလမ်ကို သတ်ဖြတ်လိုသောအကြံ မရှိကြောင်း သိနိုင်ပါသည်။ သို့သော်လည်း သူ့အပြစ်ကို ဖော်ပြသွားခဲ့သည်။ အပြစ်ကို  မသိကျိုးကျွန်ပြုသဖြင့် ပျက်စီးခြင်းသို့  ရောက်ခဲ့ရသည်။ ဘာကြောင့် ဗာလမ်ကို သေစေခဲ့သနည်း။  ဗာလမ်သည် စာတန်၏စိတ်သဘောဖြင့် ပြည့်နှက်နေရာ သူ့အပြုမူတိုင်းသည် အပြစ်တရားဖြစ်နေသည်။ အကယ်၍ သူ့အပြစ်အလုံးစုံကို ကိုယ်တော် သိမြင်စေခဲ့လျှင် အပြစ်ဒဏ်သည် သူ့ကို သေ

စေကောင်း သေစေနိုင်ပါသည်။ ဝိညာဉ်တော်ဓားသည် သူ့အရိုးနှင့် ခြင်ဆီကိုခွဲထုတ်သဖြင့် ဗာလမ်သည် အာနနိနှင့် ရှဖိရေတို့ကဲ့သို့ ချက်ချင်းလဲကျသေဆုံးပါလိမ့်မည်။

"မှတ်တမ်းစာအုပ်များ ဖွင့်သောအခါ ယေရှုသည် ဆိုးသွမ်းသူများကို ကြည့်တော်မူ၏။ **သူတို့သည် မိမိတို့ပြုသမျှ အပြစ်အလုံးစုံကို သိမြင်လာကြသည်။ မိမိတို့ခြေသည် သန့်ရှင်းခြင်းမှ အဘယ်မျှလောက် လမ်းလွဲခဲ့ကြောင်း၊ မိမိတို့မာန်မာန၊ ပုန်ကန်မှုတို့ကြောင့် ဘုရားသခင်၏ ပညတ်တော်ကို အဘယ်မျှလောက် ချိုးဖောက်ခဲ့သည်ကို နားလည်လာကြသည်။** သူတို့ အပြစ်တရား၌ မွေ့လျော်ရာ စွဲမက်စရာသွေးဆောင်မှုများ၊ အလွဲသုံးစားပြုခဲ့ကြသည့် ကောင်းချီးမင်္ဂလာများ၊ အထင်သေးခံရသည့် ဘုရားသခင်၏ တမန်တော်များ၊ ငြင်းဆန်ခဲ့ကြသော သတိပေးချက်များ၊ ခေါင်းမာမာဖြင့် ရိုက်ထုတ်ခဲ့ကြသော ကရုဏာတော်လှိုင်းလုံးများ၊ နောင်တမရသော စိတ်နှလုံးသားများ စသည်ဖြင့် အကြောင်းအရာအလုံးစုံသည် **မီးအက္ခရာစာလုံးများဖြင့် ရေးထားသကဲ့သို့ ထင်ရှားလာကြသည်။**" (GC 666.2)

ခရစ်တော်၏ ပုံပန်းသဏ္ဍာန်သည် လူသားများ၏အခြေနေအပေါ် လုံးလုံးမူတည်ကြောင်း ကျွန်တော်တို့တွေ့နိုင်သည်။ ခရစ်တော်၏ဝိညာဉ်တော် မကိန်းအောင်းသော လူတစ်ဦးအတွက် ပညတ်တော်သည် ထိုသူ၏အပြစ်ကို ထင်ရှားစေသော ကြည့်မှန်ကဲ့သို့ဖြစ်ပါသည်။ ဝိညာဉ်တော်အသက်ပေးနိုင်ရန် ပညတ်တော်သည် သေခြင်းစေဖြစ်စေသည်။ ခရစ်တော်မောရှေထံပေးခဲ့သော ပညတ်တော်သည် ခရစ်တော်အားဖြင့် သမ္မာတရားနှင့် ကရုဏာကြွယ်ဝစေရန် အပြစ်တရားကို ဖော်ပြပေးသည်။

နောက်ပုံပြင်တွင် ဒါဝိဒ်သည် တိုင်းနိုင်ငံများအကြား မိမိအင်အားကို ကြွားလို၍ ဣသရေလများကို ရေတွက်စေခဲ့သည်။ ထိုအပြုမူကြောင့် ဣသရေလလူပေါင်း ၇၀၀၀၀ အသက်ဆုံးရှုံးခဲ့ရသည်။

"တဖန်ထာဝရဘုရားသည် ဣသရေလအမျိုးကို အမျက်တော်ထား၍ ဣသရေလ၊ယုဒမျိုးကို စာရင်းယူစေခြင်းငှာ ဒါဝိဒ်မင်းအား နှိုးဆော်တော်မူသည်နှင့်"၊ (၂ဓမ္မရာဇဝင် ၂၄း ၁) GHB

(အင်္ဂလိပ်ကျမ်း၊ မြန်မာကျမ်းအချို့နှင့်အခြားကျမ်းအများစုတွင် ဤကျမ်းချက်၌ ရေတွက်ရန် ဒါဝိဒ်ကို ဘုရားသခင် နှိုးဆော်သည်ဟု ဘာသာပြန်ထားသည်။ သို့သော် ယုဒသာန်ဘာသာပြန်ကျမ်းတွင်မူ မူရင်းဘာသာအတိုင်း စာတန်ကနှိုးဆော်သည်ဟု ပြန်ဆိုထားပါသည်။)

"ထိုနေ့နံနက်မှစ၍ ချိန်းချက်သော အချိန်တိုင်အောင် ထာဝရဘုရားသည် ဣသရေလအမျိုး၌ ကာလနာကို လွှတ်လိုက်တော်မူ၍၊ ဒန်မြို့မှသည် ဗေရရှေဘမြို့တိုင်အောင် လူခုနစ်သောင်း သေကြ၏။ ကောင်းကင်တမန်သည် ယေရုရှလင်မြို့ကို ဖျက်ဆီးမည်ဟု လက်ကိုဆန့်သောအခါ၊ ထာဝရဘုရားသည် ထိုဘေးကြောင့် နောင်တရတော်မူ၍၊ တန်ပြီ။ သင့်လက်ကို ရုတ်သိမ်းလော့ဟု လူတို့ကိုဖျက်ဆီးသော ကောင်းကင်တမန်အား မိန့်တော်မူ၏။ ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ယေဗုသိလူ အရောန၏ ကောက်နယ်တလင်းအနားမှာ ရှိ၏။" (၂ဓမ္မရာဇဝင် ၂၄း ၁၅,၁၆)

ဤပုံပြင်ကို ဖတ်ကြည့်သောအခါ အတော်လေးထိတ်လန့်စရာ ကောင်းပါသည်။ ဘုရင်ကြီးသည် မာနထောင်လွှား၍ ဣသရေသလူမျိုးတို့ကို ရေတွက်ခဲ့သည်။ ထို့ကြောင့် ဘုရားသခင်က လူပေါင်း ၇၀၀၀၀ကို သတ်ဖြတ်သော ကောင်းကင်တမန်ကို စေလွှတ်ခဲ့သည်။ သတ်ဖြတ်ပြီးနောက် နောင်တရကာ ရပ်တန့်ခဲ့သည်။ ပို၍ထူးဆန်းသည်မှာ ၂ဓမ္မရာဇဝင်ကျမ်းက ဣသရေလတို့ကို ဘုရားသခင်ကိုယ်တိုင် ရေတွက်ရန် နှိုးဆော်သည်ဟု ရေးသားထားသည်။ ထို့ကြောင့် အကျိုးဆက်အနေဖြင့် ဖြစ်လာသောအရာများသည် ဘုရားသခင်၏ လက်ချက်သွားရသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်ဟု ယုံကြည်သူတစ်ဦးအတွက် "ဒါဘယ်လိုအဖြစ်ပျက်ကြီးလဲ"ဟု မေးခွန်းထုတ်စရာဖြစ်နေပါသည်။

နောက်ထပ်ပုံပြင်တစ်ခုတွင် ထို့ထက်များသော လူများသေကြေခဲ့ကြသည်။ သို့သော်လည်း ထိုလူတို့သည် ဘုရားသခင်၏လူများကို သတ်ချင်ခဲ့ကြသည့်သာမက ထိုလူများသည် ကမ္ဘာပေါ်တွင် အယုတ်မာဆုံးလူမျိုးတစ်မျိုးဖြစ်သည့်အတွက် သူတို့ သေဆုံးခြင်းသည် လက်ခံရပိုလွယ်ကူပါသည်။ အာရှုရိလူတို့သည် လူများကို အရှင်လတ်လတ်အရေခွံခွာ၍ စူးချွန်များဖြင့် ထိုးဖောက်တတ်သူများဖြစ်သည်။ ဘုရားသခင့်လူများကို ထိုကဲ့သို့ ရက်ရက်စက်စက်

သတ်ဖြတ်သည့်အတွက် ကောင်းကင်တမန်၏ အကြမ်းဖက်သတ်ဖြတ်ခြင်း အပြုအမူသည် ဖြစ်သင့်သော လုပ်ရပ်ကဲ့သို့ဖြစ်လာသည်။

"ထိုညဉ့်တွင် ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထွက်၍ အာရှုရိတပ်တွင် လူတသိန်း ရှစ်သောင်းငါးထောင်တို့ကို ဒဏ်ခတ်လေ၏။ နံနက် စောစောထချိန် ရောက်သောအခါ၊ ထို သူအပေါင်းတို့သည် အသေကောင်ဖြစ်ကြ၏။" ၄ဓမ္မရာဇဝင် ၁၉း ၃၅

ဝိညာဉ်တော်စာပေက ထိုပုံပြင်အကြောင်း ဤသို့ရေးထားသည်။

> "ဘုရားသခင့်လက်အောက်တွင် ကောင်းကင်တမန်များသည် တန်ခိုးပြည့်ဝကြသည်။ တစ်ခါက ခရစ်တော်၏ အမိန့်တော်ဖြင့် လူတစ်သိန်းရှစ်သောင်းငါးထောင်ရှိသော အာရှုရိစစ်တပ် တစ်ခုလုံးကို တစ်ညအတွင်း သတ်ဖြတ်ခဲ့ကြသည်။" DA 702

သာမန်ကာလျှံကာဖတ်ကြည့်လျှင် ဘုရားသခင်၏ကောင်းကင်တမန်သည် အာရှုရိစစ်သား ၁၈၅၀၀၀ သတ်ဖြတ်ကြောင်း ထင်ရှားပါသည်။ ဘုရားသခင့် လူများကိုသတ်ဖြတ်လိုသော အရိုင်းစိုင်းစစ်သားများသည် လူသတ်ချင်စိတ်ကြောင့် အသေသတ်ခံရခြင်းဖြစ်သောကြောင့် လုံးလုံးပြဿနာမရှိဟန် ပေါ်ပါသည်။

ကျွန်ုပ်တို့၏ နောက်ဆုံးပုံပြင်သည် ဟေရုဒ်မင်းကြီးအကြောင်းဖြစ်သည်။ သူ့လုပ်ရပ်များကို ထောက်လျှင် ဟေရုဒ်မင်းကြီးသည် အသေသင့်ဆုံးလူသားနှင့် တူပါသည်။

"ဟေရုဒ်မင်းသည်လည်း ချိန်းချက်သောနေ့၌ မင်းမြောက်တန်ဆာကိုဝတ်ဆင်၍ ပလ္လင်တော်ပေါ်မှာ ထိုင်လျက် ထိုသူတို့အား မိန့်တော်မူ၏။ လူများတို့က၊ ဤအသံသည် လူ၏အသံမဟုတ် ။ ဘုရားသခင်၏ အသံဖြစ်၏ဟု ကြွေးကြော်ကြသည်ရှိသော်၊ ထိုမင်းကြီးသည် ဘုရားသခင်၏ ဂုဏ်အသရေတော်ကို မထောက်ထားသောကြောင့်၊ ထိုခဏခြင်းတွင် ထာဝရဘုရား၏ ကောင်းကင်တမန်သည် ဒဏ်ခတ်၍၊ ကိုယ်တွင်း၌ ပိုးများကိုက်သဖြင့် အနိစ္စရောက်လေ၏။" တမန်တော် ၁၂း ၂၁-၂၃

ရှင်ယောဟန်၏အစ်ကို ယာကုပ်ကို သတ်ပြီးနောက် မင်းကြီးဟေရုဒ်က ပေတရုကို သတ်ရန် ကြံစည်ခဲ့သည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ဝိညာဉ်တော်စာပေက ဤသို့ရေးထားသည်။

"ပေတရုကို ထောင်ထဲမှကယ်တင်ခဲ့သော ကောင်းကင်တမန်သည် ဟေရုဒ်ကို တရားစီရင်သည့် အမျက်ဒေါသ၏ ကောင်းကင်တမန်ဖြစ်သည်။ သူသည် အိပ်ပျော်နေသော ပေတရုကို ပုတ်၍ နိုးခဲ့သည်။ သို့သော် ဆိုးယုတ်သော ရှင်ဘုရင်ကိုမူ အခြားသော ရိုက်ပုတ်မှုဖြင့် ဒဏ်ခတ်ခဲ့သည်။ ရှင်ဘုရင်၏ မာန်မာနကို နိမ့်ချကာ၊ အမြင့်ဆုံးသောဘုရား၏ အပြစ်ဒဏ်ကို သူ့အပေါ် သက်ရောက်စေခဲ့သည်။ **ဟေရုဒ်မင်းသည် ဘုရားသခင်၏ ကလဲ့စားချေ တရားစီရင်ခြင်းအောက်၌ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်၌ ဝေဒနာပြင်းစွာခံရကာ ကွယ်လွန်ခဲ့သည်။**" AA 152. 1

ဟေရုဒ်ကို ဒဏ်ခတ်သော ကောင်းကင်တမန်သည် ကောင်းသောတမန်ဖြစ်ကြောင်း ရှင်းပါသည်။ ထိုဒဏ်ခတ်မှုသည် ဘုရားသခင်၏ ကလဲ့စားချေသော တရားစီရင်ခြင်းဖြစ်သည်မှာလည်း မှန်ပါသည်။ ကလဲ့စားချေခြင်းဆိုသည်မှာ ပြုခဲ့သော အပြုအမူအတွက် ပြန်လည်ပေးဆပ်စေခြင်းဖြစ်သည်။ ထိုအချက်ကြောင့် ကျွန်ုပ်တို့၏ လေ့လာမှုကို ရပ်တန့်၍ ဘုရားသခင်သည် ဆိုးယုတ်သောသူများကို သတ်ဖြတ်ရန် ကောင်းကင်တမန်များကို စေလွှတ်သည်ဟု နိဂုံးချုပ်ချင်စရာ အလွန်ကောင်းပါသည်။ ပထမပုံပြင်သည် ရှုပ်ထွေးသော်လည်း အခြားပုံပြင်နှစ်ခုဖြစ်သော အာရှုရိစစ်တပ်အကြောင်းနှင့် ဟေရုဒ်မင်းအကြောင်းတို့သည် မမှားနိုင်စရာဖြစ်ပါသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူကြောင်းနှင့် မကောင်းမှု ဒုစရိုက်မပြုသော ဘုရားဖြစ်ကြောင်း သက်သေပြရန် သမ္မာကျမ်းစာကို တင်စားအနက်ဖြင့် ဝိညာဉ်ရေးရာ သဘောမျိုး အနက်ဖွင့်ရန် (spiritualizing the bible) လိုပါသည်။

## ကျမ်းစာကို မည်သို့နားလည်ရမည်နည်း

ကျွန်ုပ်တို့ ဆက်မလေ့လာတော့ဘဲ ရပ်တန့်မည်ဆိုလျှင် တတိယကောင်းကင်တမန်၏ သတင်းစကားကို ဟောပြောသောသူများအဖို့ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ရာ ရောက်ပါလိမ့်မည်။

"တတိယကောင်းကင်တမန်သတင်းစကား ဟောပြောသူများသည် ဝီလီယမ် မီလာ အသုံးပြုခဲ့သော နည်းအတိုင်း သမ္မာကျမ်းစာလေ့လာနေကြသည်။ "Views of the prophecies and prophetic Chronology" စာအုပ်ငယ်တွင် ဝီလီယမ် မီလာက သမ္မာကျမ်းစာ လေ့လာရန်တွင် လိုက်နာရမည့် ရိုးရှင်းထက်မြက်သော အနက်ဖွင့်နည်း ပေးထားသည်။

၁။ သမ္မာကျမ်းစာ၌ ရေးသားထားသော အကြောင်းအရာအလိုက် စကားလုံးတိုင်းသည် သင့်လျော်သော အနက်ရှိရမည်။

၂။ သမ္မာကျမ်းစာတစ်အုပ်လုံးသည် မရှိမဖြစ်အရေးကြီးသည်။ တစိုက်မတ်မတ် လေ့လာလျှင် နားလည်နိုင်သောအရာဖြစ်သည်။

၃။ သမ္မာကျမ်းစာ၌ ဖော်ပြရေးသားထားသောအရာများသည် မရွေ့လျော့သော ယုံကြည်ခြင်းဖြင့် တောင်းလျှောက်သူများအဖို့ အနက်ထင်ရှားလာလိမ့်မည်။

**၄။ ယုံကြည်ချက် (doctrine) များ နားလည်နိုင်ရန် သင်နားလည်လိုသော အကြောင်းအရာနှင့်ပတ်သက်၍ သမ္မာကျမ်းစာတစ်အုပ်လုံးကို အသုံးပြုပါ။ စကားလုံးတိုင်းသည် မှန်ကန်သောအနက်ရှိပါစေ။ ကျမ်းစာတစ်အုပ်လုံးဖြင့် ချိန်ထိုးလျှင် သင့်သီအိုရီနှင့် ဆန့်ကျင်မှုမရှိပါက သင့်အနက်ဖွင့်ဆိုချက် မမှားနိုင်ပါ။**

၅။ သမ္မာကျမ်းစာသည်သာ သမ္မာကျမ်းအနက်ဖွင့်သူဖြစ်ရမည်။ ထိုအချက်သည် သမ္မာကျမ်းစာ၏ ဥပဒေသတစ်ခုဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ရာတွင် သင်သည် ဆရာတစ်ဦးဦးအပေါ် မှီခိုသည်ဆိုပါစို့။ ထိုဆရာသည် အနက်ကိုခန့်မှန်းမည် (သို့) မိမိဂိုဏ်းဂဃယုံကြည်ချက်နဲ့ ကိုက်ညီစေရန် အနက်ဖွင့်သည် (သို့) မိမိကိုယ်မိမိ ပညာရှိဟု ထင်မှတ်မည်ဆိုလျှင် သမ္မာကျမ်းစာထက် သူ့ခန့်မှန်းချက်၊ အလိုဆန္ဒ၊ ယုံကြည်မှု၊ ဉာဏ်ပညာသည် သင့်အတွက်ပညတ်၊ ဥပဒေများဖြစ်လာတော့သည်။" (RH, Nov 25, 1884, par 24)

အချက်လက်အားလုံးကို မသုံးသပ်ရသေးဘဲ လေ့လာမှုကို နိဂုံးချုပ်ကာ ထိုနိဂုံးချုပ်ချက်နှင့် ဆန့်ကျင်သောအချက်များကို လျစ်လျူရှုမည်ဆိုပါက ကျွန်ုပ်တို့သည် မီလာ၏ အနက်ဖွင့်နည်းကို မလိုက်နာရာ ရောက်ပေလိမ့်မည်။ မလိုက်နာသည့်အတူတူ တတိယကောင်းကင် တမန်သတင်းစကား ဟောကြားခြင်းကိုလည်း ရပ်တန့်လိုက်သင့်ပါသည်။ ဤအချက်သည် လျစ်လျူရှု၍ မရသော အရေးကြီးအချက်ဖြစ်သည်။

ဤသမ္မာကျမ်းစာအနက်ဖွင့်နည်းကို အသုံးပြု၍ အထက်ပါပုံပြင်များကို မည်သို့နားလည် နိုင်မည်နည်း။

"ငါပညတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ သားဖြစ် လိုသောငှါ၊ သင်တို့၏ ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကိုကျိန်ဆဲသောသူတို့အား မေတ္တာ ပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင့်ယှက်ညှဉ်း ဆဲသောသူတို့အဘို့ ဘုရားသခင်ကို ဆုတောင်း ကြလော့။" ရှင်မဿဲ ၅း ၄၄

"ထိုအကြောင်းကို တပည့်တော်ယာကုပ်၊ ယောဟန်တို့သည်မြင်လျှင်၊ သခင်၊ ဧလိယပြုသ ကဲ့သို့ အကျွန်ုပ်တို့သည် ကောင်းကင်မှ မီးကျစေ၍ ထိုသူတို့ကို လောင်စေခြင်းငှါ အလိုရှိ တော်မူသလောဟု လျှောက်ကြသော်၊ ယေရှုသည် လှည့်ကြည့်၍၊ သင်တို့သည် ကိုယ်စိတ် သဘောကို ကိုယ်မသိကြ၊ လူသားသည်လူတို့၏ အသက်ကို သတ်အံ့သောငှါ ကြွလာသည် မဟုတ်။ ကယ်တင်အံ့သောငှါကြွလာသည်ဟု ဆုံးမတော်မူပြီးမှ၊ အခြားသောရွာသို့ ကြွတော် မူ၏။" လုကာ ၉း ၅၄-၅၆

"ယေရှုကလည်း သင့်ဓားကို သူ့နေရာ၌ပြန်ထားလော့။ ဓားကိုကိုင်သောသူရှိသမျှတို့သည် ဓားဖြင့် ဆုံးခြင်းသို့ ရောက်ကြလိမ့်မည်။" မဿဲ ၂၆း ၅၂

"လူအချို့တို့သည်၊ နှေးခြင်းကိုမှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ကတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင်အဘယ်သူမျှမပျက် စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကို သည်းခံတော်မူ၏။" ၂ပေ ၃း ၉

## တရားနည်းလမ်းကျသော အဖြေ

ရန်သူကိုချစ်ပါဟူသော မှာကြားချက်၏ တရားနည်းလမ်းကျသောအဖြေမှာ ကျွန်ုပ်တို့ကို ရန်သူကိုချစ်ရန် မိန့်ကြားခဲ့သော စကြဝဠာတစ်ခုလုံးကို တရားစီရင်ပိုင်သူ ဘုရားသခင်အနေဖြင့် သူ့နိုင်ငံတော်၏ နည်းဥပဒေသ၊ အမိန့်တို့ကို စောင့်ထိန်းရန် တာဝန်၊ ဝတ္တရားရှိပါသည်။ သူမိန့်ကြားခဲ့သည့်အတိုင်း ကျွန်ုပ်တို့သည် ရန်သူကိုချစ်လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကွယ်ကာတော်မူမည်၊ လိုအပ်ပါက ကျွန်ုပ်တို့ကို ခြိမ်းခြောက်သူများကို သတ်ပေးမည်ဟု ယုံကြည်ရမည်။

ဒုတိယအချက်အနေဖြင့် ယေရှု ဤလောကတွင်ရှိစဉ်အခါက သူ့တာဝန်သည် ဖျက်ဆီးရန်မဟုတ်ဘဲ ကယ်တင်ရန်ဖြစ်ပါသည်။ မှန်ပါသည်ဟု ပြောကြပါလိမ့်မည်။ ဤလောကရှိ သူ့တာဝန်ပြီးမြောက်သောအခါ ပြီးမြောက်ရမည့် အခြားတာဝန်ရှိသေးသည်ဟုလည်း ပြောကောင်းပြောကြပါလိမ့်မည်။ သမ္မာကျမ်းစာ၌ ဤကဲ့သို့သော ကျမ်းချက်များ တွေ့နိုင်သည်။

"သတ်ရသောအချိန်နှင့် အနာပျောက်စေရသော အချိန်လည်း ရှိ၏။ ဖြိုဖျက်ရသော အချိန်နှင့် တည်ဆောက်ရသော အချိန်လည်း ရှိ၏။" ဒေသနာကျမ်း ၃း ၃

"ငါသည် ကိုယ်တိုင်အားဖြင့် ဘုရားဖြစ်ကြောင်းကိုငှင်း၊ ငါမှတပါး အခြားသောဘုရားမရှိကြောင်းကိုငှင်း ကြည့်ရှုကြလော့။ ငါသည် အသက်ကို သေစေ၏။ အသက်ကိုလည်း ရှင်စေ၏။ ငါသည် အနာပေါ်စေခြင်းငှါ ဒဏ်ခတ်၏။ အနာကိုလည်း ပျောက်စေ၏။ ငါ့လက်မှ အဘယ်သူမျှ မကယ်မနှုတ်နိုင်။" တရားဟောရာကျမ်း ၃၂း ၃၉

ဤယူဆချက်ကို ကျွန်ုပ်တို့ယုံကြည်မည်ဆိုလျှင် ယေရှုသည် လိုအပ်သောအခါ ကောင်းကင်စစ်သားများကို သေမင်းတမန်အဖြစ် သေမင်းစစ်တပ်ကို စေလွှတ်သော တန်ခိုးကြီးသော စစ်ဗိုလ်ချုပ်ဖြစ်သွားပါလိမ့်မည်။ အောက်ပါ ကျမ်းပိုဒ်များက ထိုသို့သောယူဆချက်များ အလွယ်တကူဖြစ်စေပါသည်။

"ထာဝရဘုရားသည် စစ်သူရဲဖြစ်တော်မူ၏။ ထာဝရဘုရားတည်းဟူသော နာမတော်ရှိတော်မူ၏။" ထွက်မြောက်ရာကျမ်း ၁၅း ၃

"ယောရှုသည် ယေရိခေါမြို့အနားမှာ ရှိနေစဉ် မျော်ကြည့်၍၊ **လူတယောက်သည် ဓားကိုဓားအိမ်မှ ထုတ်ကိုင်လျက်၊ ကန့်လန့်ရပ်နေသည်**ကို မြင်လျှင်၊ သူ့ထံသို့ သွား၍ သင်သည် ငါတို့ဘက်၌နေသောသူလော၊ ငါတို့ရန် သူဘက်၌နေသောသူလောဟုမေးသော်၊ ထိုသူက၊ ထိုသို့မဟုတ်၊ ထာဝရဘုရား၏ဗိုလ်ခြေ ကိုအုပ်စိုးသော ဗိုလ်မှူးဖြစ်၍ ယခု ငါလာသည်ဟုဆို၏။ **ယောရှုသည်လည်း မြေပေါ်မှာ ပြပ်ဝပ်ကိုးကွယ်လျက်၊** ကိုယ်တော်ကျွန်အား အဘယ်သို့ မိန့်တော်မူမည်နည်းဟု မေးလျှောက်သော်၊" ယေရှု ၅း ၁၃

"**ကောင်းကင်ဘုံ၌ ထိုင်တော်မူသောသူသည် ပြုံးရယ်၍၊ ထာဝရဘုရားသည် သူတို့ကို ကဲ့ရဲ့တော်မူ၏။** ထိုအခါအမျက်တော်ထွက်၍၊ သူတို့ကိုမိန့်တော်မူမည်။ ပြင်းစွာသော အမျက်တော်နှင့် သူတို့ကို ပူပန်စေတော်မူမည်။ ငါ၏ရှင်ဘုရင်ကို သန့်ရှင်းသော ဇိအုန်တောင်တော်ပေါ်မှာ၊ ငါ့ကိုယ်တိုင် ဘိသိတ်ပေးပြီဟု မိန့်တော်မူမည်။ ဗျာဒိတ်တော်အချက်ကို ငါပြန်ကြားပေအံ့။ ထာဝရဘုရားက သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဘွားစေပြီ။ ငါ့ကိုတောင်းလော့။ လူအမျိုးမျိုးတို့ကို သင်၏ အမွေဥစ္စာဘို့ ငါပေးမည်။ မြေကြီးစွန်းတိုင်အောင် ပိုင်ထိုက်သော အခွင့်ကိုလည်း ငါပေးမည်။ **သင်သည် သူတို့ကို သံလှံတံနှင့်အုပ်စိုး၍၊ မြေအိုးကို ခွဲဖျက်သကဲ့သို့ ခွဲဖျက်လိမ့်မည်**ဟု ငါ့အားမိန့်တော်မူပြီ။" ဆာလံ ၂း ၄-၉

"ဖျက်ဆီးသော လက်နက်ကို အသီးအသီး ကိုင်လျက်၊ ဤမြို့ခံရသောဒဏ်တို့ကို အနီးသို့ဆောင်ခဲ့ကြ လော့ဟု ကျယ်သောအသံနှင့် ခေါ်တော်မူသည်ကို ငါကြား၏။ ထိုအခါ **လူခြောက်ယောက်တို့သည် အသီးအသီး ကွပ်မျက်စရာ လက်နက်ကို ကိုင်လျက်၊** တယောက်သည်လည်း၊ ပိတ်အဝတ်ကိုဝတ်၍ နံပါး၌ မှင်အိုးပါလျက်၊ မြောက်မျက်နှာဘက် အထက်တံခါးလမ်းဖြင့် ဝင်၍၊ ကြေးဝါပလ္လင်အနားမှာရပ်နေကြ၏။ အခြားသော သူတို့အားလည်း၊ ထိုသူနောက် **မြို့ထဲ၌ လျှောက်သွား၍ ဒဏ်ခတ်ကြလော့။ နှမြောစုံမက် ခြင်းမရှိကြနှင့်။ အသက်ကြီးသောသူ၊ အသက်ငယ်သောသူ၊ အပျိုမ၊ သူငယ်၊ မိန်းမတို့ကို ရှင်းရှင်းသတ်ကြလော့။** သို့ရာတွင်၊ အမှတ်ပါသောသူကို မချဉ်းကပ်ကြနှင့်။ ငါ၏ သန့်ရှင်းရာဌာန၌ အဦးပြု

ကြလော့ဟု မိန့်တော်မူသည်ကို ငါကြား၏။ သူတို့သည်လည်း၊ အိမ်တော်ရှေ့မှာရှိသော အသက်ကြီးသူတို့ကို ရှေ့ဦးစွာ သတ်ကြ၏။” ယေဇကျေလ ၉း ၁၊ ၂၊ ၅၊ ၆

“ဗိမာန်တော်ထဲက ကြီးသောအသံကား၊ သွားကြလော့။ ဘုရားသခင်၏ အမျက်တော်ဖလားခုနစ်လုံးကို မြေကြီးပေါ်သို့ သွန်းလောင်းကြလော့ဟု ကောင်းကင်တမန်ခုနစ်ပါးတို့အား ပြောဆိုသည်ကို ငါကြား၏။ ပဌမသူသည် သွား၍မိမိဖလားကို မြေကြီးပေါ်သို့ သွန်းလောင်းလျှင်၊ သားရဲ၏တံဆိပ်လက်မှတ်ကို ခံ၍ သူ၏ရုပ်တုကို ကိုးကွယ်သော လူတို့၌ အလွန်ဆိုးသော အနာစိမ်းပေါက်လေ၏။ ဒုတိယကောင်းကင်တမန်သည် မိမိဖလားကို ပင်လယ်ပေါ်သို့ သွန်းလောင်းလျှင်၊ ပင်လယ်သည် လူသေ၏ အသွေးကဲ့သို့သော အသွေးဖြစ်၏။ ပင်လယ်၌ အသက်ရှင်သော သတ္တဝါအပေါင်းတို့သည် သေကြ၏။” ဗျာဒိတ်ကျမ်း ၁၆း ၁-၃

ကျွန်ုပ်တို့ရှေ့တွင် တင်ပြထားသော ဘုရားသခင့်သားတော်၏ ပုံရိပ်သည် လိုအပ်လာလျှင် ဓားကိုကိုင်မြောက်၍ လုပ်သင့်သောအရာကို ပြီးမြောက်အောင်လုပ်မည့်သူဖြစ်သည်။ ဘာကြောင့် ဘုရားသခင်သည် ကလေးငယ်များနှင့် အပျိုမတို့ကို သတ်ဖြတ်ရန် ကွပ်မျက်သောလက်နက်များ ကိုင်ဆောင်သော လူတို့ကို စေလွှတ်ရသနည်းဟု မေးစရာရှိပါသည်။ သမ္မာကျမ်းစာကို သာမန်ဖတ်သူများက ထိုအဖြစ်ပျက်များသည် အလွန်ရက်စက် ကြမ်းကြုတ်သောအပြုမူများဖြစ်သော်လည်း ကျမ်းစာကို ကျမ်းစာ၌ရေးထားသည့်အတိုင်း နားလည်ရန်ဖြစ်သည်ဟု ဆိုတတ်ကြသည်။

## ခရစ်တော်သည် ကျွန်ုပ်တို့အတွက် စုံလင်သောစံပြဖြစ်သည်

ကျွန်ုပ်တို့လည်း ထိုနည်းတူ ခံယူပါက ပြဿနာကြီးကြီး ရင်ဆိုင်ရပါလိမ့်မည်။ ဘုရားသခင့်သားတော်သည် အပြစ်သားများကို ဖြေရှင်းရန် သေမင်းစစ်တပ်ကို စေလွှတ်သည်သာမက သူကိုယ်တိုင် အသက်သတ်ရန်အင်အားသုံးမည်ဆိုပါက ကျွန်ုပ်တို့စုံလင်သောပုံသက်သေ၏ နောက်တော်သို့ လိုက်လျှောက်ရန် ပြဿနာကြီးကြီး ရှိလာပါသည်။ သူ့ရန်သူများကို သတ်ဖြတ်ခြင်းသည် သူ့ဘုန်းတော်၊ ဂုဏ်သိက္ခာကို ကာကွယ်ရုံသာဖြစ်သည်ဟူသော အတွေးမျိုးအထိ ရှိလာလျှင်တော့ ပြဿနာဟုလည်း မြင်တော့မည်မဟုတ်ပါ။ သမ္မာကျမ်းစာ၌ ဖော်ပြ

ထားသည့်အတိုင်း ဘုရားသခင်သည် မနေ့၊ ယနေ့၊ နောင်ကာလအစဉ်မပြောင်းလဲသော ဘုရား၊ သို့မဟုတ် အခြေနေအလိုက်၊ လိုအပ်သည့်အလျှောက် သူ့အကြောင်းတစ်စတစ်စ ပြောင်းလဲဖော်ပြသော ဘုရားလော။ ကျွန်တော်တို့ လိုက်လျှောက်ရန် ယေရှုပေးခဲ့သော ပုံသက်သေသည် ဘယ်အရာဖြစ်သနည်း။

"အကြောင်းမူကား၊ ထိုသို့အလိုငှါ သင်တို့ကိုခေါ်တော်မူပြီ၊ **ခရစ်တော်သည် ငါတို့အတွက် ခံတော်မူသည်ဖြစ်၍၊ ခြေတော်ရာကို လိုက်လျှောက်စေခြင်းငှါ ပုံသက်သေကို ထားတော်မူပြီ။** ထိုသခင်သည် ဒုစရိုက်ကိုမပြု၊ နှုတ်တော်၌လည်း မုသာကိုရှာမတွေ့၊ ကဲ့ရဲ့ခြင်းကို ခံရသောအခါ ပြန်၍မကဲ့ရဲ့၊ အသေခံရသောအခါ ခြိမ်းခြောက်ခြင်းကိုမပြု။ တရားသဖြင့် စီရင်တော်မူသောသူ၌ ကိုယ်ကိုကိုယ် အပ်နှံတော်မူ၏။" ၁ပေ ၂း ၂၁-၂၃

ခရစ်တော်သည် ကျွန်ုပ်တို့ လိုက်လျှောက်ရန် ပေးထားသော စုံလင်၊ သန့်ရှင်းသော ပုံသက်သေဖြစ်သည်။ Manuscript 65, 1894

ကျွန်ုပ်တို့အတွက် သူလုပ်ပေးနိုင်သောအရာတစ်ခုမျှ မချန်ဘဲ ဘုရားသခင် လုပ်ပေးပြီး ဖြစ်သည်။ သားတော်၏ အသက်တာအားဖြင့် ကျွန်ုပ်တို့ လိုက်လျှောက်ရမည့် စုံလင်သော စာရိတ္တတော်ကို ကိုယ်တော်ပြပေးခဲ့သည်။ ခရစ်တော်၏ နှိုင်းယှဉ်၍ မရလောက်အောင် ကြီးမြတ်မြင့်မြတ်သော စာရိတ္တတော်နှင့် သက်တော်စဉ်ကို ကြည့်ခြင်းအားဖြင့် ခရစ်တော်နဲ့ တူလာသည်အထိ အသက်တာတိုးတက်ခြင်းရှိရန်မှာ နောက်တော်လိုက်လျှောက်သူများ၏ တာဝန်ဖြစ်သည်။ ခရစ်တော်ကို မျှော်ကြည့်၍ မေတ္တာတော်ကို တုံ့ပြန်ခြင်းအားဖြင့် သူတို့သည် ခရစ်တော်၏ ပုံရိပ်ကို ရောင်ပြန်ဟပ်ထင်ရှားစေရန်ဖြစ်ပါသည်။ (Review and Herald, Feb 15, 1898)

ယေရှုကို အသေသတ်ရန်အင်အားသုံး၍ ရန်သူများကို တိုက်ခိုက်သော တန်ခိုးကြီးသည့် စစ်ဗိုလ်ချုပ်အဖြစ် ကျွန်ုပ်တို့ ယူဆမည်ဆိုလျှင် အောက်ပါကျမ်းပိုဒ်များကို ဖတ်ရှုသောအခါ စိတ်ဒွိဟဖြစ်လာပါလိမ့်မည်။

"ငါပညတ်သည်ကား၊ ညှာင့်ယှက်သောသူကို မဆီးမတားနှင့်။ သင်၏ ပါးတဘက်ကို သူတစ်ပါးပုတ်လျှင် ပါးတဘက်ကို လှည့်၍ပေးဦးလော့။ သင့်အင်္ကျီကို ယူလို၍ တရားတွေ့သောသူ

အား သင့်ဝတ်လုံကိုလည်း ယူစေခြင်းငှါ အခွင့်ပေးဦးလော့။ အကြင်သူသည် သင့်ကို အနိုင်ပြု၍ ခရီးတတိုင်သွားစေ၏။ ထိုသူနှင့်တကွ နှစ်တိုင်သွားဦးလော့။ တောင်းသောသူအားပေးလော့။ ချေးငှါးလိုသောသူကိုလည်း မငြင်းမပယ်နှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့။ ရန်သူကို မုန်းလော့ဟူသော ပညတ်စကားကို သင်တို့ ကြားရပြီ။ ငါပညတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ သားဖြစ်လိုသောငှါ။ သင်တို့၏ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကိုကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင့်ယှက်ညှဉ်းဆဲသောသူတို့အတို့ ဘုရားသခင်ကို ဆုတောင်း ကြလော့။" မဿဲ ၅း ၃၉-၄၄

"ကျွန်တော်တို့ကိုကျတော့ ရန်သူကိုချစ်ဖို့ပြောတယ်။ ကိုယ်တော်ကျတော့ ကိုယ်တော့်ရန်သူတွေကို စိတ်ရှိတဲ့အတိုင်း သတ်ဖြတ်တယ်။ ဒါတရားမျှတမှုရှိရဲ့လား" ဟု မေးခွန်းထုတ်စရာရှိပါသည်။

ယေရှုကို ပိုမိုနက်ရှိုင်းစွာ ယုံကြည်သူများအထဲတွင် ဝိညာဉ်တော် ကိန်းအောင်းနေပါသည်။ ဆိုလိုသည်မှာ နောက်တော်လိုက်လျှောက်သူများ၌ ယေရှု၌ရှိသော စာရိတ္တတော် ထင်ရှားလာမည်ဖြစ်သည်။

> "ထိုသို့သင်တို့သည်သားဖြစ်သောကြောင့် အဗ္ဗအဘဟု ခေါ်တတ်သော သားတော်၏ ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏။"
> ဂလာတိ၄း ၆

> "ချစ်သူတို့၊ ယခုတွင် ငါတို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည် မြင်ရကြလတံ့။" ၁ယော ၃း ၂

ယေရှုက ရန်သူကိုချစ်တတ်သော သူ့တစ်စိတ်တစ်ဒေသကို ကျွန်ုပ်တို့ကို ပေး၍၊ ရန်သူကို အရှင်လတ်လတ်မီးရှို့သတ်ဖြတ်တတ်သော သူ့တစ်စိတ်တစ်ဒေသကို ချန်ထားခြင်း ဖြစ်နိုင်ပါ့မလား။ ဒီလိုလုပ်လိုရော ရပါ့မလား။ ငြင်းခုံစရာအချက် ရှိလာပါသည်။

| | |
|---|---|
| သူနှင့် သူ့ခမည်းတော်ကို တိုက်ခိုက်သော ဆိုးသွမ်းသူများကို ဖျက်ဆီးပစ်ရန် ယေရှု၌ အခွင့်၊ဝတ္တရားရှိသည်။ | ယေရှုသည် ကျွန်ုပ်တို့အတွက် စုံလင်သော ပုံသက်သေဖြစ်သောကြောင့် သမ္မာကျမ်းစာ၌ဖော်ပြထားသော သူ့အပြုအမူ တစ်ခုချင်းစီကို ကျွန်ုပ်တို့ လိုက်တုကာ၊ ပြုမူရမည်။ |

## ဘုရားသခင်၏ စာရိတ္တတော်ဖြစ်သော ပညတ်တော်

ဤအကြောင်းကို အခြားရှုထောင့်တစ်ခုမှ ကြည့်ကြပါစို့။ ပညတ်တော်ဆယ်ပါးသည် ဘုရားသခင်၏စာရိတ္တတော်ကို ဖော်ပြထားသည့်အရာဖြစ်သည်။

> "ဘုရားသခင့် ပညတ်တော်သည် စာဖြင့်ရေးထားသော ဘုရားသခင့်စာရိတ္တတော် ဖြစ်သည်။ ပညတ်တော်သည် နိုင်ငံတော်၏ နည်းဥပဒေသများကို ပုံဖော်ထားသည်။ ထိုပညတ်ချက်များကို မလိုက်လျှောက်သူများသည် မိမိကိုယ်မိမိ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာ စီးကြောင်းအပြင်ဘက်တွင် ထားရှိသူများဖြစ်သည်။" COL 305
>
> ဘုရားသခင်သည် သူ့သား၊သမီးများ ကောင်းမြတ်စုံလင်စေရန် အလိုတော်ရှိသည်။ ပညတ်တော်သည် စာဖြင့်ရေးထားသော ဘုရားသခင့်စာရိတ္တတော်ဖြစ်သည်။ ထိုပညတ်သည် စာရိတ္တအားလုံးတွက် စံ ဖြစ်သည်။ ဘုရားသခင်တည်ထောင်သော နိုင်ငံတော်ဝင်စားမည့်သူများ၌ အမှားအယွင်းမရှိစေရန် ထို"စံ"သတ်မှတ်ချက်ကို အားလုံးအတွက် ပေးထားသည်။ COL 315
>
> "ဘုရားသခင့် ပညတ်တော်သည် စာဖြင့်ရေးထားသော ဘုရားသခင့်စာရိတ္တတော်ဖြစ်သည်။ ထိုပညတ်သည် ဘုရားသခင်၏ အကျင့်စရိုက်၊ စာရိတ္တတော်ကို ပုံဖော်ထားသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ဘုန်းရောင်ခြည်တော်ကို ကြည့်ရှုစဉ် ဇာတိအဖြစ်တော်၏ ပုံသဏ္ဍာန်တော် ထင်ရှားလာ၏။ ပညတ်တော်တွင်လည်း ခမည်းတော်၏ အကျင့်စရိုက်၊သဘောသဘာဝများ ထင်ရှားလျက်ရှိသည်။ ST Dec 30, 1889

ယုံကြည်သူများ၌ သွင်းပေးထားသော ခရစ်တော်၏ နာခံသောအသက်တာဖြစ်သော ဖြောင့်မတ်ခြင်းသည် သိနာတော်ပေါ်မှ မိန့်တော်မူခဲ့သော ပညတ်တော်တွင် ဖော်ပြထားကြောင်းကို သူ့အသံတော်ကြား၍ရသော နေရာတိုင်းရှိ လူသားများကို ဘုရားသခင် သိရှိစေလိုသည်။ အက္ခရာတစ်လုံးမျှ ပြောင်းလဲ၍မရ။ ထိုပညတ်သည် ခရစ်တော်အသက်တာ၌ တွေ့ရသော ဘုရားသခင်၏ စာရိတ္တတော်ကို တိတိကျကျ မှတ်တမ်းတင်ထားသောအရာဖြစ်သည်။ EJ Waggoner, Everlasting Covenant 343. 1

ယေရှုကလည်း ခမည်းတော်၏ ပညတ်ချက်များကို သူလိုက်လျှောက်ကြောင်း ကျွန်ုပ်တို့ကို ပြောပြထားပါသည်။

"ငါသည် ငါ့ခမည်းတော်၏ ပညတ်တို့ကို စောင့်ရှောက်၍ ခမည်းတော်၏မေတ္တာ၌ တည်နေသကဲ့သို့၊ သင်တို့သည် ငါ့ပညတ်တို့ကို စောင့်ရှောက်လျှင်၊ ငါ့မေတ္တာ၌ တည်နေကြလိမ့်မည်။" ယောဟန် ၁၅း ၁၀

ခရစ်တော် စောင့်ရှောက်သော ပညတ်တွင် "လူ့အသက်ကိုမသတ်ရ" ဟူသော ပညတ်ပါသလား။ ခရစ်တော်၏ လောကရှိအသက်တာကို ကြည့်လျှင် သူသည် မည်သူတစ်ဦးတစ်ယောက်ကို မသတ်ခဲ့ကြောင်း တွေ့ရသည်။

"အသက်လုံးလုံးမသတ်ဖူးသော၊ တစ်ပါးတည်းသော ဖြောင့်မတ်သော ခရစ်တော်ကို ဟေရုဒ်နှင့် ဆိုးယုတ်သော အာဏာပိုင်များက အသေသတ်ခဲ့ကြသည်။ ထိုညှဉ်းပန်းနှိပ်စက်တတ်သော စိတ်ဝိညာဉ်သည် သူ့အဘဖြစ်သော စာတန်မှလာသည်ဟု ကျွန်ုပ်တို့မှတ်ယူနိုင်ပါသည်။ အကြောင်းမှာ လူတို့သည် စာတန်၏ အကျင့်စာရိတ္တမျိုး လိုချင်ကြသည်။ Ms 62, 1886.64

ဘုရားသခင်၏ စာရိတ္တတော်ကို လောက၌ ယေရှုအပြည့်အဝ ထင်ရှားစေခဲ့ပါသလား။

"လူသားများတွက် ခရစ်တော်တစ်ပါးတည်းသာ ခမည်းတော်ကို ဖော်ပြပေးနိုင်သည်။ ထိုဖော်ပြချက်ကို တပည့်တော်များသည် သုံးနှစ်လုံးလုံး မြင်တွေ့ခွင့် ရရှိခဲ့ကြသည်။

ဘုရားသခင်၏ စာရိတ္တတော်အပြည့်အစုံ သားတော်၌ ထင်ရှားခဲ့သည်။ လူသားများ လက်ခံနိုင်သည့်အတိုင်းတာအတွက် ဖော်ပြ၍ရနိုင်သမျှ ဘုရားသခင်၏ နက်နဲ၊ကျယ်ဝန်းမှုအားလုံးကို ထာဝရဘုရား၏ သားတော်အသက်တာက ဖော်ပြခဲ့သည်။ ST Dec 30, 1889

ထိုအရာများသည် အသက်တာတွင် ဖော်ပြထားသော ခရစ်တော်၏ စာရိတ္တတော်ဖြစ်သည်။ ဘုရားသခင်၏ စာရိတ္တတော်လည်းဖြစ်သည်။ ခရစ်တော်၌ထင်ရှားသော သနားခြင်းကရုဏာတော်သည် ခမည်းတော်၏နှလုံးသားမှ လူသား၊ သားသမီးတို့ထံ စီးကျလာသော ကရုဏာတော်ဖြစ်သည်။ နူးညံ့သိမ်မွေ့၍ သနားကြင်နာတတ်သော ကယ်တင်ရှင်ယေရှုသည် ဘုရားသခင်၏ "ကိုယ်ခန္ဓာ"ဖြင့် ပေါ်ထွန်းခြင်းဖြစ်သည်။ (၁တိ ၃း ၁၆) SC 12

## တရားသော သတ်ဖြတ်ခြင်း

တရားသဖြင့် သတ်ဖြတ်ခြင်းသည် ပညတ်တော်ဆယ်ပါးပါ လူ့မသက်ကိုမသတ်နှင့် ဟူသော ပညတ်နှင့်မတူဟု အချို့က ငြင်းခုံတတ်ကြသည်။ ထိုအချက်ကို သက်သေပြရန် အောက်ပါအချက်ဖြင့် ရှင်းပြကြသည်။

"murder"နှင့် "killing"ဟူသောစကားလုံးတို့သည် ဟေဗြဲဘာသာတွင် "(ratsakh, mut) ဖြစ်၍၊ ဂရိဘာသာတွင် (phoneuo, apokteino)ဖြစ်ပြီး မတူညီသော စကာလုံးများဖြစ်သည်။ **တစ်ခုမှာ "လူသတ်မှု"ဖြစ်ပြီး၊ တစ်ခုမှာ "သတ်ဖြတ်ခြင်း" ဖြစ်သည်။** "လူသတ်မှု" (murder) သည် ပညတ်တော်က တားမြစ်ထားသောအရာဖြစ်သည်။ "သတ်ဖြတ်ခြင်း" (killing)ကိုမူ ပညတ်တော်က မတားမြစ်ထားပါ။ အမှန်မှာ "ratsakh"ဟူသော စကားလုံးသည် "murder"ထက် အနက်ပိုမိုကျယ်ပြန့်သည်။ "ratsakh" ဟူသော စကားလုံးတွင် သတိမဲ့၊ ပေါ့လျော့မှုကြောင့်ဖြစ်သော သေဆုံးခြင်းလည်းပါသည်။ သို့သော် စစ်ပွဲ၌ သတ်ဖြတ်ခြင်းအတွက် သုံးလေ့မရှိပါ။ ထို့ကြောင့် ခေတ်ပေါ်သမ္မာကျမ်းစာများ

၌"kill" မသုံးဘဲ၊ "You shall not murder"ဟု ဘာသာပြန်ကြခြင်းဖြစ်သည်။ လေ့လာသူအတွက် သူ သုံးသောဘာသာပြန်ကျမ်းအပေါ် မူတည်၍ ပြဿနာကြီးကြီးဖြစ်လာနိုင်ပါသည်။ လူကြိုက်အများဆုံးဖြစ်သော ဂျိမ်းဘုရင်ဘာသာပြန်ကျမ်းတွင် "You shall not kill"ဟုသုံးထားသည်။ ထို့ကြောင့် ကျမ်းအနက်ကို အလွဲယူမိကြခြင်းဖြစ်သည်။ မသတ်ရ " shall not kill" အနက်ဖြင့် ယူမည်ဆိုလျှင် ဘုရားသခင့် ခွင့်ပြုချက်ဖြင့် သွေးစွန်းစေခဲ့သော ဣသရေလနိုင်ငံ၏ သတ်ဖြတ်မှုများသည် ဘုရားသခင်က သူ့ပညတ်ကို သူချိုးဖောက်ရာ ရောက်ပါလိမ့်မည်။ (တရားဟောရာကျမ်း ၂၀) သို့သော် ဘုရားသခင်သည် သူ့ပညတ်ကို သူ မချိုးဖောက်ပါ။ ကျမ်းပိုဒ်က သူတစ်ပါး၏ အသက်ကို လုံးလုံးမသတ်ရန် တားမြစ်မထားကြောင်း ထင်ရှားပါသည်။"

https://www.gotquestions.org/you-shall-not-murder.html

သမ္မာကျမ်းစာကို သေသေချာချာလေ့လာလျှင် အထက်ပါ ရှင်းပြချက် မှားယွင်းကြောင်း သိနိုင်ပါသည်။ ပထမအချက်အနေဖြင့် ထိုစာရေးသူ တင်ပြသည့်အတိုင်း "ratsach" ၏အနက်သည် မသတ်ရန်တစ်ခုတည်းမဟုတ်ဘဲ မတော်တဆကြောင့် သေဆုံးခြင်း (သို့) ရည်ရွယ်ချက်မရှိဘဲ သတ်မိခြင်း အနက်လည်းရှိနေသည်။ အောက်ပါကျမ်းပိုဒ်များတွင် ပြောထားသောအရာများသည် တမင်ရည်ရွယ်သောအနက်ဖြင့် သတ်ခြင်းမဟုတ်ပါ။

"**သို့မဟုတ် မုန်းသောစိတ်မရှိဘဲ အမှတ်တမဲ့ တွန်းချသော်၎င်း၊ မချောင်းမြောင်းဘဲ တစုံတခုနှင့် ပစ်မိသော်၎င်း၊** သူ၏ရန်သူမဟုတ်၊ မုန်းသောစိတ်မရှိ၊ သူ့ကို မမြင်ဘဲလျက် သေအောင် ကျောက်ခဲနှင့် ပစ်မိသော်၎င်း၊ ယခုစီရင်ထုံးဖွဲ့သည်အတိုင်း၊ **ပရိသတ်တို့သည်** သတ်သောသူနှင့် သေစားသေစေသောသူ စပ်ကြား၌ တရားစီရင်၍၊ **သတ်သောသူကို** r [H7523 Ratsach] **သေစားသေစေသောသူ၏ လက်မှ နှုတ်သဖြင့်၊** အထက်ကပြေး၍ မှီခိုသောမြို့သို့ ပြန်ပို့ရမည်။ ဓမ္မဆီလောင်းခြင်းကို ခံရသော ယဇ်ပုရောဟိတ်မင်း မသေမီတိုင်အောင် ထိုမြို့၌ နေရမည်။" တောလည်ရာကျမ်း ၃၅း ၂၂-၂၅

"မိမိအိမ်နီးချင်းကို **အမုန်းမရှိဘဲ မတော်တဆသတ်မိသောသူသည်** [Ratsach H7523] အသက်ချမ်းသာရာရဖို့ ထိုမြို့သုံးမြို့ထဲမှ တစ်မြို့သို့ ထွက်ပြေးနိုင်၏။" တရားဟောရာကျမ်း ၄း ၄၂ (ဤကျမ်းပိုဒ်တွင်" ratsach"အတွက် kill ကိုသုံးထားသည်။)

ဒုတိယအချက်အနေဖြင့် မတော်တဆသတ်မိသူသည်(ratsach)လည်း အကျိုးအပြစ်ကို ခံရမည်ဖြစ် ကြောင်း ဘုရားသခင်မိန့်တော်မူခဲ့ပါသည်။

"လူကိုသတ်သော လူသတ်သမား [H7523] တိုင်း သက်သေ၏ထွက်ဆိုချက်အတိုင်း **အသတ်ခံရမည်။** [ratsach H7523] သို့ရာတွင် ထိုသူသည် သက်သေတစ်ဦးတည်း၏ ထွက်ဆိုချက်ဖြင့် သေဒဏ်မခံရ" တောလည်ရာကျမ်း ၃၅း ၃၀

ပညတ်တော်ဆယ်ပါး တားမြစ်ထားသောအရာကို လုပ်ဆောင်ရန် ဘုရားသခင် စေခိုင်းပါမည်လော။။ အကယ်စင်စစ် ဘုရားသခင်သည် သမ္မာကျမ်းစာထဲတွင် မည်သည့်သေဆုံးခြင်းမျိုးမဆို အမိန့်ချမှတ်နိုင်ပါသည်။ အကြောင်းမှာ လူ့အသက်မသတ်စေလိုသောကြောင့် လူသတ်မှု အတွက် သေဒဏ်သတ်မှတ်ထားခြင်းလည်းဖြစ်နိုင်ပါသည်။ ဤသဘောတရား နားလည်ရန် Ministration of Death စာအုပ်ငယ်ကို ဖတ်ပါ။

တတိယအချက်အနေဖြင့် muth [H4191] ဟူသော စကားလုံးကို "murder" နှင့် လုပ်ကြံသတ်ဖြတ်ခြင်း "assassinate" အတွက် အသုံးပြုထားကြောင်း ကျမ်းစာထဲတွင် တွေ့နိုင်သည်။

"ထို့ကြောင့် ရှောလုသည် **ဒါဝိဒ်ကို သတ်** [H4191] **စေခြင်းငှါ၊** သားတော် ယောနသန်နှင့် မိမိကျွန်အပေါင်းတို့ကို မှာထားလေ၏။ သားတော် ယောနသန်သည် ဒါဝိဒ်ကို အလွန်ချစ်၍၊ **ငါ့အဘရှောလုသည် သင့်ကို သတ်** "H4191" **ခြင်းငှါ ရှာကြံ၏။** သို့ဖြစ်၍ နံနက်တိုင်အောင် ကိုယ်ကိုသတိပြုသဖြင့် ဆိတ်ကွယ်ရာအရပ်၌ ပုန်းရှောင်၍ နေပါလော့။" ၁ဓမ္မရာဇဝင် ၁၉း ၁၊ ၂

ရှောလုသည် ယဇ်ပုရောဟိတ်အပေါင်းကို ပညတ်တော်နှင့်မညီဘဲ သတ်စေခဲ့သည်။

"ထာဝရဘုရား၏ ယဇ်ပုရောဟိတ်တို့သည် ဒါဝိဒ်ဘက်မှာ နေ၍၊ သူပြေးကြောင်းကို သိသော်လည်း ငါ့အားမကြားမပြောသောကြောင့်၊ သူတို့ကို လှည့်၍ သတ်ကြဟု ခြံရံလျက်ရှိသော ခြေသည်တို့အား အမိန့်တော်ရှိသော်လည်း၊ ရှင်ဘုရင်၏ ကျွန်တို့သည် ထာဝရဘုရား၏ ယဇ်ပုရောဟိတ်တို့ကို မလုပ်ကြဘဲ နေကြ၏။ **တဖန်ရှင်ဘုရင်က၊ သင်သည် လှည့်၍ ယဇ်ပုရောဟိတ်တို့ကို လုပ်ကြီတော့ဟု ဒေါဂအား မိန့်တော်မူသည်အတိုင်း၊ ဧဒုံအမျိုးသား ဒေါဂသည် လှည့်၍ ပိတ်သင်တိုင်းကို ဝတ်သော ယဇ်ပုရောဟိတ် ရှစ်ဆယ့်ငါးပါးတို့ကို လုပ်ကြံသဖြင့် ထိုနေ့၌ သတ်** [H4191] **လေ၏။**" ၁ဓမ္မရာဇဝင် ၂၂း ၁၇-၁၈

ဣရှဗောရှက်ကို လုပ်ကြံခြင်း။

"အိပ်ခန်းထဲ အိပ်ရာပေါ်မှာ အိပ်လျက်နေသော ဣရှဗောရှက်၏ဝမ်းကို ထိုး၍ သတ် [H4191] သဖြင့်၊ ဦးခေါင်းကို ဖြတ်ယူပြီးမှ တညဥ့်လုံးလွင်ပြင်လမ်းဖြင့်ပြေး၍ လွတ်ကြ၏။" ၂ဓမ္မရာဇဝင် ၄း ၇

အဗရှလုံသည် မိမိတစ်ဝမ်းကွဲညီအစ်ကို အာမနုန်ကို တရားတော်နှင့်မညီဘဲ သတ်ရန် အမိန့်ပေးခဲ့သည်။

"အဗရှလုံကလည်း၊ အာမနုန်သည် စပျစ်ရည်ကို သောက်၍ရွှင်လန်းသောအခါ စောင့်နေကြ။ အာမနုန် ကို ထိုးခုတ်ကြဟု ငါဆိုသောအခါ၊ **သေ[H4191] အောင်လုပ်ကြံကြ။** မစိုးရိမ်ကြနှင့်။ ငါစီရင်သည်မဟုတ်လော။ အားယူ၍ ရဲရင့်ခြင်းရှိကြလော့ဟု မိမိကျွန်တို့အား မှာထားနှင့်သည်အတိုင်း၊" ၂ဓမ္မရာဇဝင် ၁၃း ၂၈

အာသလိသည် ယောရှမှလွဲ၍ ရှင်ဘုရင်၏သားအားလုံးကို သတ်ခဲ့သည်။

"သို့ရာတွင် အာခဇိ၏နှမ ယဟောရံမင်းကြီး သမီးယောရှေဘသည် အာခဇိ၏သား ယောရှကို အသေ (H4191) ခံရသော ဆွေတော်မျိုးတော်ထဲက ခိုးယူ၍ အာသလိလက်မှ သူ၏အသက် လွတ်စေခြင်းငှါ၊ သူနှင့်သူ၏ နို့ထိန်းကို အိပ်ခန်းထဲ၌ဝှက်ထား၏။" ၄ဓမ္မရာဇဝင် ၁၁း ၂ (အခြားအင်္ဂလိပ်ကျမ်းများတွင် slainသုံးထား၍ NKVJ တွင် အသတ်ခံရသူတို့ကို "murder" (H4191) သုံးထားသည်။

NIVကျမ်းတွင်လည်း အခြားလုပ်ကြံသတ်ဖြတ်မှုများအတွက် **“muth”** ကိုသုံးထားသည်။

“အမှုတော်ထမ်းတပ်မှူး၊ ရေမလိသားပေကာသည် ပေကဟိမင်းတဘက်၌ သင်းဖွဲ့၍၊ အာဂေါဘနှင့် အရေဟအစရှိသော ဂိလဒ်ပြည်သား ငါးကျိပ်ပါလျက်၊ ရှမာရိမြို့၌ နန်းတော်ထဲမှာ သေအောင်လုပ်ကြံ (H4191) ၍ သူ၏ အရာ၌ နန်းထိုင်၏။” ၄ဓမ္မရာဇဝင် ၁၅း ၂၅

NIV 2 Kings 15:25 One of his chief officers, Pekah son of Remaliah, conspired against him. Taking fifty men of Gilead with him**, he assassinated[H5221]** Pekahiah, along with Argob and Arieh, in the citadel of the royal palace at Samaria. **So Pekah killed [H4191]** Pekahiah and succeeded him as king.

အများပြောတတ်ကြသကဲ့သို့ ဆိုးယုတ်သူသည် တရားသဖြင့် လူ့အသက်ကို သတ်သည် ဆိုသောအရာဖြစ် အဓိပ္ပာယ်ရှိပါသလား။

“မတရားသောသူသည် ဖြောင့်မတ်သောသူကို ချောင်းမြောင်း၍ သတ်ခြင်း [H4191] ငှါ ရှာကြံတတ်၏။” ဆာလံ ၃၇: ၃၂

“အကြောင်းမူကား၊ ထိုသူသည် ကယ်မသနားခြင်းငှါ သတိမရှိ။ ဆင်းရဲငတ်မွတ်၍ စိတ်ပျက်သောသူကို သေစေသည်တိုင်အောင် [H4191] ညှဉ်းဆဲပြီ။ သူသည် ကျိန်ဆဲခြင်းကို နှစ်သက်သည်နှင့်အညီ၊ သူ့အပေါ်သို့ ရောက်ပါစေ။ ကောင်းကြီးမင်္ဂလာကို အလိုမရှိသည်အတိုင်း သူနှင့်ဝေးပါစေ။” ဆာလံ ၁၀၉း ၁၆၊ ၁၇

သူ့အသက်ကိုသတ်ရန် ရှာကြံသောသူတို့ကို ယေရမိက ဤသို့သတိပေးခဲ့သည်။

“ယခုမှာသင်တို့၏ ကျင့်ကြံပြုမူခြင်းတို့ကို ပြောင်း လဲကြလော့။ သင်တို့၏ ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို နားထောင်ကြလော့။ သို့ပြုလျှင်၊ ထာဝရဘုရားသည် သင်တို့၌ ဘေးဥပဒ်ရောက်စေမည်ဟု ခြိမ်းတော်မူသော်လည်း၊ တဖန် နောင်တရတော်မူလိမ့်မည်။ ငါမူကား၊ သင်တို့လက်၌ရှိပါ၏။ သင်တို့စိတ်၌ ဖြောင့်မတ်လျောက်ပတ်သည်ဟု ထင်သည်အတိုင်း၊ ငါ့ကို ပြုကြလော့။ သို့ရာတွင်၊ **ငါ့ကို သတ်လျှင်**[H4191]**အပြစ်မရှိသော အသွေးကို သင်တို့သည် ကိုယ်အပေါ်သို့**ငှင်း၊ ဤမြို့နှင့် မြို့သားတို့အပေါ်သို့ငှင်း၊

**စင်စစ်ရောက်စေလိမ့်မည်**ဟု ကေန်အမှန် သိမှတ်ကြလော့။ ဤစကား အလုံးစုံတို့ကို သင်တို့အား ကြားပြောမည်အကြောင်း၊ ထာဝရဘုရားသည် ငါ့ကို စင်စစ်စေလွှတ်တော်မူပြီဟု မှူးမတ်အစရှိသော လူများအပေါင်းတို့အား ပြောဆိုလေ၏။ ယေရမိ ၂၆း ၁၃-၁၅

ထို့ကြောင့် "muth"ကို "murder"နှင့် "assassination"အတွက်လည်း သုံးထားကြောင်း တွေ့ရသည်။ ထို့အတူ "ratsach" ကို မတော်တဆ သေဆုံးခြင်းအတွက်လည်း သုံးထားကြောင်း တွေ့ရသည်။ ထို့ကြောင့် (muth)ကို တရားသဖြင့် သတ်ဖြတ်ခြင်းအတွက်သာသုံး၍ ratsach ကို "murder"အတွက် သာသုံးသည်ဟူသော အဆိုသည် မှားပါသည်။

နောက်ဆုံးအချက်အနေဖြင့် "murder" အသက်သတ်ခြင်းနှင့် "Judicial killing" တရားသဖြင့်သတ်ခြင်းကို မည့်သို့ပင် အနက်ဖွင့်ကြစေကာမူ နှစ်ခုလုံးသည် သေစေခြင်း(သို့) သေအောင်လုပ်ခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့သော အကြမ်းဖက်မှုသည် ဘုရားသခင့် နိုင်ငံတော်၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်ပါ့မလား။

"ကမ္ဘာကြီးသည် ဘုရားသခင်အကြောင်း အထင်မြင်လွဲမှားမှုဖြင့် မှောင်မိုက်နေ၏။ ထိုမှောင်မိုက်ကိုလင်းစေရန်၊ ကမ္ဘာကြီးကို အလင်းသို့ ပြန်လည်ပို့ဆောင်ရန် စာတန်၏ တန်ခိုးကို ချိုးဖြတ်ရန်လိုပါသည်။ သို့သော်လည်း အကြမ်းဖက်မှုဖြင့် ထိုသို့ပြု၍မရပါ။ **အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဘုရားသခင့်နိုင်ငံတော်၏ နည်းဥပဒေများနှင့် ဆန့်ကျင်နေပါသည်**။ ဘုရားသခင်သည် မေတ္တာမှလာသော နာခံခြင်းကိုသာ နှစ်သက်တော်မူ၏။ ချစ်ခြင်းမေတ္တာသည် အမိန့်ဖြင့် ရယူနိုင်သောအရာ မဟုတ်ပါ။ ချစ်ခြင်းမေတ္တာကို အာဏာ၊ အကြမ်းဖက်မှုဖြင့် ရယူ၍မရပါ။ မေတ္တာကသာ မေတ္တာစိတ်ကို နှိုးထစေနိုင်ပါသည်။ ဘုရားသခင်ကို သိကျွမ်းခြင်းဆိုသည်မှာ ဘုရားသခင်ကို ချစ်ခြင်းပင်ဖြစ်သည်။ ကိုယ်တော်၏ စာရိတ္တတော်သည် စာတန်၏ စာရိတ္တနှင့် ဆန့်ကျင်ခြားနားနေရမည်ဖြစ်သည်။ DA 22

အထက်ပါ ကိုးကားချက် အရေးကြီးကြောင်း မြင်နိုင်ပါသလား။ ဘုရားသခင်သည် အကြမ်းဖက်မှုကို သူ့နိုင်ငံတော်၌ လက်မခံပါ။ အထက်ပါ ကိုးကားချက်ကို ဝိညာဉ်တော် မှုတ်သွင်းသောအရာအဖြစ် ကျွန်ုပ်တို့လက်ခံနိုင်မလား။ ကျွန်ုပ်တို့ သွန်သင်သောအရာများသည် သမ္မာ

ကျမ်းစာမှ လာရမည်ဟု အများကဆိုကြသည်။ သမ္မာကျမ်းစာထဲတွင် အကြမ်းဖက်မှုကို ဆန့်ကျင်သော အကောင်းဆုံးသာဓကမှာ ဤလောကရှိ ယေရှု၏ အသက်တာဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ ယေရှု၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ လက်ခံနိုင်ပါမည်လော။

> "ငါပြောသည်ကား၊ နှောင့်ယှက်သောသူကို မဆီးမတားနှင့်။ သင်၏ ပါးတဘက်ကို သူတပါးပုတ်လျှင် ပါးတဘက်ကို လှည့်၍ပေးဦးလော့။" ရှင်မဿဲ ၅း ၃၉

ဤတရားတော်ကို ယေရှုအသက်တာတွင် ကျင့်သုံးခဲ့ပါသလော။ အကယ်၍ တရားသဖြင့် သတ်ဖြတ်ခြင်းသည် ဘုရားသခင်၏ စာရိတ္တတော်ဖြစ်လျှင် ထိုအပြုမူအကြောင်း ယေရှု၏ လောကဘဝတွင် ဖော်ပြခဲ့ပါလိမ့်မည်။ လူတစ်ဦး၏ အသက်တာကို ဂရုတစိုက် ချိန်ခွင်ချိန်၍ သတ်သေရန် သေမိန့်ပေးသည့်အကြောင်း ဖော်ပြချက်တစ်ခုမှ မရှိပါ။

"ကိုယ်တော်ရဲ့ ဓမ္မဟောင်းထဲက ပုံသက်သေအတိုင်း ကျွန်တော် ဒီလူဆိုးတွေကို သတ်ဖြတ်ခဲ့ပါတယ်"ဟု ဘုရားသခင်ထံ လူတစ်ဦးပြောမည်ဆိုလျှင် ဘုရားသခင် ဘယ်လိုဖြေမယ် ထင်ပါသလဲ။ "သင်သည် အတုယူမှားမိပြီ၊ သမ္မာကျမ်းစာထဲ ဖော်ပြထားသော ထိုအပိုင်းသည် သင်လိုက်လုပ်ရမည့် အပိုင်းမဟုတ်ပါ"ဟု ဖြေမလား။ ဖြေရှင်းရန် အလွန်ခက်ခဲလာကြောင်း မြင်နိုင်ပါသလား။

ဘုရားသခင်သည် အကြမ်းဖက်ပြုမူတတ်သည်၊ လူသားများကို လူမျိုးတုန်းသတ်ဖြတ်တတ်သည်ဟု သင်ယုံကြည်မည်ဆိုလျှင် သမ္မာကျမ်းစာ၌ ရှေ့နောက်မညီသော ကြီးမားသော ဆန့်ကျင်ဘက်များ ရှိနေကြောင်း သင်မြင်နိုင်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ ထိုဆန့်ကျင်ဘက်များကို မြင်လာနိုင်လျှင် ထိုကဲ့သို့ ခက်ခဲသော ဆန့်ကျင်ပုံပေါ်နေသော ကျမ်းချက်များကို ရှင်းပြနိုင်မည့်အကြောင်း ဒူးထောက်၍ ခမည်းတော်ဘုရားထံ ဆုတောင်းရန် သင့်ကို ကျွန်တော် ဖိတ်ခေါ်လိုပါသည်။ သမ္မာကျမ်းစာကို ရိုးရိုးလေး ဖတ်ကြည့်လျှင် ဘုရားသခင်သည် အကြမ်းဖက်မှုကို လူသားများအပေါ် ကျင့်သုံးသည်ဟု ထင်ရပါသည်။ ထိုအတိုင်း လက်ခံမည်ဆိုပါကလည်း ကျမ်းစာတစ်အုပ်လုံးသည် တစ်ခုနှင့်တစ်ခု သဘောထားကွဲလွဲမှု မရှိဘဲ တစ်သံတည်းထွက်၍ စည်းလုံးညီညွတ်ကြောင်းသက်သေပြရန် ကြိုးစားသောအခါ ကြီးမားသောကွဲလွဲမှုများ တွေ့ရပြန်သည်။

## ဣသရေလလူတို့ကို ရေတွက်ခြင်း

ဒါဝိဒ် ဣသရေလလူတို့ကို ရေတွက်သည့် ပုံပြင်အကြောင်း စတင်လေ့လာကြရအောင်။ အောက်ပါကျမ်းချက်အပေါ် ဘယ်လိုထင်မြင်ပါသလဲ။ ဘုရားသခင်က ဒါဝိဒ် ဣသရေလတို့ကို ရေတွက်ဖို့ ဘယ်လိုနှိုးဆော်ခဲ့သလဲ။

> "တစ်ဖန်ထာဝရဘုရားသည် ဣသရေလလူမျိုးအပေါ်တွင် အမျက်တော်ထား၍ ဣသရေလ၊ ယုဒအမျိုးကို စာရင်းယူစေခြင်းငှာ ဒါဝိဒ်မင်းအား နှိုးဆော်တော်မူသည်နှင့်" ၂ဓမ္မရာဇဝင် ၂၄း ၁(GHB)

ထိုအကြောင်းကိုပင် အခြားကျမ်းပိုဒ်တွင် ဤသို့ရေးထားသည်။

> "နောက်တစ်ဖန်သည် စာတန်သည် ဣသရေလအမျိုးတစ်ဖက်၌ထ၍ ဣသရေလ အမျိုးသားတို့ကို ရေတွက်စေခြင်းငှာ ဒါဝိဒ်ကိုတိုက်တွန်းလေ၏။ ၁ရာဇဝင်ချုပ် ၂၁း ၁

(မူရင်းကျမ်းစာမှ ဆရာယုဒသာန်ပြန်ဆိုသော ၂ဓမ္မရာဇဝင် ၂၄း ၁တွင် စာတန် နှိုးဆော်သည်ဟု ရေးထားပါသည်။ အင်္ဂလိပ်ကျမ်းများတွင်မူ ဘုရားသခင်နှိုးဆော်သကဲ့သို့ ဘာသာပြန်ထားကြသည်။ စာအုပ်ဆိုလိုသည့်အချက် မိစေရန် GHB မြန်မာကျမ်းကို အသုံးပြုရခြင်းဖြစ်သည်။)

၂ဓမ္မရာဇဝင် ၂၄း ၁တစ်ခုတည်းကိုသာ ကျွန်တော်တို့ဖတ်၍ ကျမ်းချက်၌ ရိုးရိုးရေးသားထားသည့်အတိုင်းသာ ယူမည်ဆိုလျှင် ဒါဝိဒ်၏ လူရေတွက်ခြင်းကြောင့် လူပေါင်း ၇၀၀၀၀ သေဆုံးရသည်ဖြစ်၍ ထိုအမှုကို ဖြစ်စေသောသူသည် ဘုရားသခင်ဖြစ်ပြန်လိမ့်မည်။ တွေးတတ်သူများက ဘုရားသခင် ချစ်ခြင်းမေတ္တာဖြစ်သည့်အကြောင်းနှင့် ဤအဖြစ်ပျက် မည်သို့ဆက်စပ်သနည်းဟု မေးချင်ကြလိမ့်မည်။ ဤကျမ်းပိုဒ်က ဘုရားသခင် အမှန်တကယ် ထိုကဲ့သို့ပြုမူသလောဟု ဆင်ခြင်သုံးသပ်စေပါသည်။

လေ့လာလိုသူများက ၁ရာဇဝင်ချုပ် ၂၁း ၁ကိုဖတ်၍ ဣသရေလလူတို့ကို ရေတွက်ရန် ဒါဝိဒ်ကို နှိုးဆော်သောသူသည် စာတန်ဖြစ်ကြောင်း သိပေလိမ့်မည်။ ထို့ကြောင့် ထိုကျမ်းချက်နှစ်ခု၏ ညီညွတ်မှုကို တွေ့နိုင်ရန် လိုအပ်လာပါသည်။ ထိုဣသရေလလူမျိုးများ၏ ပျက်စီးခြင်းအတွက် ဘုရားသခင်နှင့် စာတန် အတူတကွ အလုပ်လုပ်ပါသည်ဟု ကျွန်ုပ်တို့ နိဂုံးချုပ်သင့်ပါသလား။ အဖြေကို တွေ့နိုင်ရန် ပိုမိုနက်နဲစွာ လေ့လာဖို့ လိုအပ်လာပါသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာလား၊ ကြမ်းကြုတ်ခေါင်းမာသောတရားသူကြီး၊ အကြင်နာမဲ့သော အာဏာရှင်လားဟု လေ့လာသူ၏ ယုံကြည်ခြင်းကို ထိုအချက်က စမ်းသပ်နေလိမ့်မည်။ ဘုရားသခင်၏ ကရုဏာတော်အကြောင်း သိမြင်သောသူသည် ထိုကျမ်းချက်နှစ်ခု မည်သို့ညီညွတ်ကြောင်း အဖြေရှာနေလိမ့်မည်။ အချို့ကမူ ဆန့်ကျင်မှုကိုတွေ့သော်လည်း ဘုရားသခင် ဒီအရာတွေလုပ်ပေမယ့် သူဟာ ချစ်ခြင်းမေတ္တာဘုရားဖြစ်တယ်ဟုသာ ရိုးရိုးကလေး ယုံကြည်လိုက်သူများလည်းရှိသည်။ ဘုရားသခင်သည် ကြမ်းကြုတ်သော အာဏာရှင်ဖြစ်ကြောင်း သက်သေရှာနေသူ တစ်ချို့ကမူ လေ့လာမှုကို စောစောစီးစီး ရပ်တန့်ကာ အပြည့်စုံမသိသေးဘဲ သူတို့အမြင်ကို ကြေငြာကြလိမ့်မည်။ သူတို့အထဲ၌ စိုက်ထားသော မျိုးစေ့သည် အမြစ်နက်ရှိုင်းစွာ တွယ်မထားသည်ဖြစ်၍ နေမြင့်လာသောအခါ ထိုမျိုးစေ့သည် ဆန့်ကျင်ဘက်ဟု ထင်ရသောအရာများကြောင့် ခြောက်သွေ့ ညှိုးနွမ်းသွားပေလိမ့်မည်။

ပထမအာဒံ၏ သားသမီးများဖြစ်သော ကျွန်တော်တို့၌ ဘုရားသခင်သည် ကြမ်းကြုတ်သော အာဏာရှင်ဖြစ်သည်ဟူသော ယုံကြည်မှုကို အမွေရထား၏။ အာဒံသည် ထိုခံယူချက်ကို စာတန်ထံမှ ရရှိသည်။ ထို့ကြောင့် သူသည် ဥယျာဉ်ထဲတွင် ပြေး၍ ပုန်းနေခဲ့ခြင်းဖြစ်သည်။ သူ့အပြစ်အတွက် ဘုရားသခင် သူ့ကိုသတ်လိမ့်မည်ဟု ထင်ခဲ့သည်။ သေခြင်းကိုကြောက်သည့်စိတ်သည် ကျွန်ုပ်တို့အပေါ် စာတန်၏ တန်ခိုးကို အခွင့်ရသွားစေသည်။

> "ထိုသူငယ်တို့သည် အသွေးအသားနှင့် ဆက်ဆံကြသောကြောင့်၊ ခရစ်တော်သည် အသေခံတော်မူ သောအားဖြင့်၊ သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏ တန်ခိုးကိုချိုးဖဲ့ ဖျက်ဆီးခြင်းငှါလည်းကောင်း၊ သေဘေးကိုကြောက်၍ တသက်လုံး ကျွန်ခံရသော သူတို့ကို ကယ်လွှတ်ခြင်းငှါလည်းကောင်း၊ ထိုသူငယ်တို့၏ နည်းတူ အသွေးအသားကို ဆောင်ယူတော်မူ၏။" ဟေဗြဲ ၂း ၁၄-၁၅

"စာတန်သည် ဘုရားသခင်၏ စာရိတ္တတော်ကို အထင်မှားစရာ ပုံဖော်ထင်ရှားစေခဲ့သဖြင့် ဘုရားသခင့်လူများ၏ အသိဉာဏ်မျက်စိသည် ကန်းလျက်ရှိ၏။ ကျွန်ုပ်တို့၏ ကောင်းမြတ်၍ ကရုဏာတော်ကြီးမြတ်လှသော ကိုယ်တော်သည် စာတန်၏စာရိတ္တ ခြုံဝတ်ထားသူများရှေ့တွင် ထင်ရှားလေပြီ။ သမ္မာတရားကို ရှာဖွေနေကြသူ ယောကျ်ား၊ မိန်းမတို့သည် အချိန်ကြာမြင့်စွာ မှားယွင်းသောအလင်းဖြင့် ဘုရားသခင်ကို သိကြသောကြောင့် ဘုရားသခင့် ဘုန်းတော်ကို သူတို့အမြင်မှ ကွယ်ထားသော တိမ်မဲကို လွင့်ပြယ်စေရန် အလွန်ခက်ပါသည်။" 1SM 355

## ပွားများလာသော အပြစ်တရား

ကျွန်ုပ်တို့စိတ်နှလုံးတွင် ရေးသားထားသော ဘုရားသခင်အကြောင်း မှားယွင်းစွာ စွပ်စွဲချက်များကို ဘုရားသခင် မည်သို့ဖြေရှင်းခဲ့သနည်း။

"ထိုမှတပါး၊ ပညတ်တရားသည် တဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ်ပွါးများ၏။ သို့သော်လည်း အပြစ်ပွားများသည် အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။" ရောမ ၅း ၂၀

ဘုရားသခင်သည် အပြစ်ကိုပွားများစေ၏။ မည်သို့ပွားများစေသနည်း။ ပညတ်တရားကို ဝင်စေသည်။ လူ့ဇာတိပကတိ၌ ပညတ်တရားဝင်လာသောအခါ ထိုပညတ်တရားကို လူသည် မည်သို့ ခံယူမည်နည်း။

"တရားကိုမကျင့်ဘဲနာရုံမျှသာ ပြုသောသူမည်သည်ကား၊ မှန်၌ မိမိပကတိမျက်နှာကို ကြည့်သော သူနှင့်တူ၏။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ်ကြည့်ပြီးမှ၊ အခြားသို့သွား၍ မိမိအဆင်းသဏ္ဌာန်ကို ချက်ခြင်း မေ့လျော့တတ်၏။" ယာကုပ် ၁း ၂၂-၂၃

ဇာတိပကတိစိတ်ဖြင့် လူတစ်ယောက်သည် နှုတ်ကပတ်တော်ကို ဖတ်သောအခါ ဘုရားသခင်အကြောင်း ဇာတိပကတိအတွေးများ ရှိလာသည်။ ဇာတိပကတိစိတ်ကြောင့် ဘုရားသခင်ကို အာဏာရှင်အဖြစ်မြင်လာသောကြောင့် သူ့အတွေး၌ ရွေးချယ်စရာများရှိလာသည်။

သူသည် နှုတ်ကပတ်တော်အတိုင်း အသက်ရှင်သူဖြစ်ပါက သူ့ဇာတိပကတိစိတ်မှ လာသော အတွေးများနှင့် မတူသော ဘုရားသခင်အကြောင်း စတင်မြင်တွေ့လာလိမ့်မည်။ ထို့နောက် သူသည် ကရုဏာတော်ကို ခံယူနိုင်မည့် အခွင့်ရေးရရှိလာသည်။ သို့မဟုတ် မခံယူဘဲ ထွက်သွား၍ မိမိအခြေနေကို ချက်ချင်းမေ့လျော့နိုင်သည်။

လူသား၏ဇာတိပကတိစိတ်ထား တိုးတက်ကောင်းမြတ်လာစေနိုင်ရန် သမ္မာကျမ်းစာကို ရေးသားထားခြင်းဖြစ်သည်။ ဘုရားသခင်သည် လူသားတို့ကို အင်အားသုံး၍ ဖျက်ဆီးသူ၊ လူမျိုးတုံးသတ်ဖြတ်သူဖြစ်ကြောင်း သက်သေပြရန် အထောက်ထားရှာသောအခါ တွေ့လိမ့်မည်။ ထိုယုံကြည်စိတ်သည် သူ၏ ဇာတိပကတိစိတ်ထားကို ပိုမိုအားကြီးလာစေသည်။ ထိုခံယူချက်သည် ယေရှု၏အသက်တာနှင့် ဆန့်ကျင်နေပြန်သည်။ အပြစ်သားသည် သားတော်အားဖြင့် ဘုရားသခင်ချပေးထားသော အလင်းတရားအောက်၌ ဝင်လာရန် ဖိတ်ခေါ် ခံရ၏။ ဤအချက်တို့သည် "ရှင်ယောဟန် ၁၆း ၈"၏ အနက်အဓိပ္ပာယ်ဖြစ်ပါသည်။ ဝိညာဉ်တော်သည် အပြစ်ကိုထင်ရှားစေ၏။ ထို့နောက် ဖြောင့်မတ်ခြင်းတရားကို ထင်ရှားစေသည်။ အပြစ်သားမှ ဖြောင့်မတ်သူဖြစ်လာရန် ကြိုးစားအားထုတ်ရ၏။ အကြောင်းမှာ ဇာတိပကတိစိတ်ထားသည် ဝိညာဉ်သဘောနှင့် ဆိုင်ပြိုင်တိုက်လှန်ကြသောကြောင့်ဖြစ်သည်။ အကယ်၍ သူသည် ယေရှုခရစ်တော်၏ မျက်နှာတော်၌ ပေါ်ထွန်းလျက်ရှိသော ဘုရားသခင်၏ မေတ္တာတော်ကို မြင်နိုင်ပါက သူသည် ဇာတိပကတိစိတ်သဘောမှလာသော ဘုရားသခင့်နိုင်ငံတော်သည် အကြမ်းဖက်ဖျက်ဆီးတတ်သည်ဟူသော ယုံကြည်စိတ်ကို စွန့်လွှတ်သွားလိမ့်မည်။ အံ့သြဖွယ်ကောင်းသော အချက်ရှိပါသေးသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဓားကို ကိုင်ဆောင်ထားသူတို့သည် ဘုရားသခင်နှင့်ပတ်သက်၍ လူဟောင်း၏ အမြင်ရှိသမျှကို မြေမြှုပ်ထားလိမ့်မည်။ လူဟောင်းသည် နှုတ်ကပတ်တော်ဓားဖြင့် သေဆုံးသွား၏။ လူဟောင်း၏ ခံယူချက်တို့ကို မစွန့်လွှတ်ဘဲ ဘုရားသခင်သည် တကယ်ဓားကိုင်သောဘုရားဟု ခံယူသူအတိုင်း ထိုဓားဖြင့် အသက်ဆုံးရလိမ့်မည်။ ဓားကိုင်သောသူရှိသမျှတို့သည် ဓားဖြင့် အသက်ဆုံးရလိမ့်မည်။ ကျွန်ုပ်တို့အားလုံးလည်း ဓားနှစ်မျိုးဖြင့် သေရကြလိမ့်မည်။ ဘယ်ဓားဖြင့် သင်သေဆုံးမည်နည်း။

ဒါဝိဒ်မင်းကို စာတန်ဘယ်လိုသွေးဆောင်ခဲ့သလဲ။

"ဒါဝိဒ်သည် တိုးတက်ကြီးပွားလာသောအခါ မိမိငယ်စဉ်က စောင့်ထိန်းခဲ့သော ဘုရားသခင်ပေါ် ယုံကြည်ခြင်း၊ နိမ့်ချတတ်သော အသက်တာတို့ကို မစောင့်ထိန်းတော့ချေ။ နိုင်ငံတော်ကို မာန်မာနဖြင့် ကြည့်ရှု၍ ချမ်းသာကြွယ်ဝလာသည့် ယခုအခြေနေနှင့် သူစတင်နန်းတက်ခဲ့စဉ်က နုံချာသေးသိမ်ခဲ့သော နိုင်ငံတော်ကို နှိုင်းယှဉ်ကာ ဝင့်ကြွားနေခဲ့သည်။ မိမိကိုယ်မိမိ ကျေနပ်အားရသည့်စိတ်က စာတန်၏စုံစမ်းသွေးဆောင်မှုနောက်သို့ ကျရောက်စေကာ ဣသရေလလူတို့ကို ရေတွက်စေခဲ့သည်။ ရှေးနိုင်ငံတော်၏ အားနည်းချက်နှင့် သူ့အုပ်ချုပ်မှုအောက်၌ ချမ်းသာကြွယ်ဝလာသော နိုင်ငံတော်ကို နှိုင်းယှဉ်လိုသောကြောင့် ရေတွက်စေခဲ့ခြင်းဖြစ်သည်။ ထိုအလိုဆန္ဒကို ဘုရားသခင် သဘောမကျပါ။ ဘုရားသခင်မှာကြားသောအချက်နှင့် ဆန့်ကျင်နေပါသည်။ ထိုအပြုအမူက ဣသရေလတို့ကို အသက်ရှင်တော်မူသောဘုရားသခင်၌ မှီခိုရမည့်အစား လူအင်အားအပေါ် မှီခိုသွားစေလိမ့်မည်။" 1SP 385. 1

ဒါဝိဒ်တစ်ဖက်တွင် ဘုရားသခင်ဘယ်လို လှုပ်ရှားခဲ့သလဲ။

"အလိုတော်အတိုင်း မလိုက်လျှောက်သူတို့ကို ဘုန်းတော်နာမတော်အဖို့အလို့ငှာ ဘုရားသခင်သည် ကာကွယ်ပေး၍ မရပါ။" 8T 51

ဣသရေလတို့၏ တိုးတက်ကြီးပွာမှုကြောင့် မာန်တက်နေသည့်သူသည် ဒါဝိဒ်တစ်ယောက်တည်းတော့ မဟုတ်ပါ။

"မယုံကြည်သူများနှင့် ကူးလူးဆက်ဆံမှုသည် သူတို့၏ရိုးရာဓလေ့များကို ကျင့်သုံးလိုစိတ်ဖြစ်လာစေ၍ လောကီကျော်စောမှု တပ်မက်စိတ်ကို တောက်လောင်စေသည်။ ယေဟောဝါ၏ လူများအနေဖြင့် ဣသရေလတို့သည် ဂုဏ်အသရေကြီးမြတ်ရမည့် လူမျိုးဖြစ်သည်။ သို့သော် မာန်မာနစိတ်နှင့် မိမိကိုယ်မိမိ ကိုးကွယ်သောစိတ်ထားများ တိုးပွားလာသည်နှင့်အမျှ သူတို့၌ ရောင့်ရဲတင်းတိမ်စိတ် မရှိတော့။ အခြားနိုင်ငံများအကြား မိမိတို့၏ ကြီးမြတ်မှုကိုသာ အလေးထားလာကြသည်။ ထိုစိတ်ထားသည် စုံစမ်းသွေးဆောင်ခြင်းကို မုချဖိတ်ခေါ်နေပါသည်။ PP 746-747

ယွာဘက ဒါဝိဒ်ကို သတိပေးခဲ့သော်လည်း  ဘုရားသခင်၏ ကွယ်ကာမှုမရှိသောကြောင့် စာတန်သည် သူ့ကိုသွေးဆောင်ခွင့်ရသွားသည်။ မိမိဇာတိပကတိစိတ်ကို အလိုလိုက်ရန် ဝိညာဉ်တော်၏သတိပေးချက်ကို ငြင်းပယ်ခဲ့သဖြင့် ဣသရေလတို့ကို ကာကွယ်သော ကောင်းကင်တမန်တို့ကို စာတန်ထိုးဖောက်နိုင်ခဲ့သည်။ တရားစီရင်ချက် ကျရောက်လာပုံကို အောက်တွင်ဖတ်ပါ။

"ဘုရားသခင်၏  တရားစီရင်ခြင်းသည် သူ့ထံမှ လူများဆီ တိုက်ရိုက်လာမည် မဟုတ်ကြောင်း၊ လူတို့သည် မိမိကိုယ်မိမိ ဘုရားသခင့်ကွယ်ကာရာ အပြင်ဘက်၌ ထားရှိထားခြင်းကြောင့်သာ တရားစီရင်ခံရခြင်းဖြစ်ကြောင်း ကျွန်မကို ဖော်ပြခဲ့သည်။  သတိပေးခြင်း၊  အမှန်ပြင်ပေးခြင်း၊  ဆုံးမသွန်သင်ခြင်း၊ လုံခြုံသော လမ်းခရီးကို ညွှန်ပြခြင်းတို့ ဘုရားသခင် အစဉ်ပြုပေးသည်။   သူ၏ အထူးဂရုစိုက် စောင့်ရှောက်ခြင်းကို ခံရသည့် လူသားများအနေဖြင့် မိမိတို့  ကိုယ်ပိုင်လမ်းစဉ်ကို  လိုက်လျှောက်ကာ၊  ဘုရားသခင့် ဝိညာဉ်တော်၌ မမှီခိုဘဲ၊ အထပ်ထပ်အခါခါ သတိပေးသော်လည်း မိမိတို့ ကိုယ်ပိုင်လမ်းစဉ်ကိုသာ ရွေးချယ်မည်ဆိုလျှင် ဘုရားသခင်က စာတန်၏ တိုက်ခိုက်မှုများမှ ကာကွယ်ပေးသော ကောင်းကင်တမန်များကို စောင့်ရှောက်စေတော့မည်မဟုတ်ပေ။" 14MR 3

အထက်ပါကိုးကားချက်သည် လိုရာဆွဲလို၍ ကိုးကားချက်မဟုတ်ပါ။ ဘုရားသခင်၏ တရားစီရင်ခြင်းသည် ဘုရားသခင်ထံမှ သူတို့အပေါ် တိုက်ရိုက်ကျရောက်လာမည် မဟုတ်ကြောင်း ကျွန်မကို ဖော်ပြခဲ့သည်ဟု  ရေးထားပါသည်။  အထူးညွှန်ပြပုဒ်ဖြင့် ထိုထိုသည်သည် မရှိဘဲ တရားစီရင်ခြင်း (the judgements)ဟု သုံးထားသောကြောင့် ထိုသဘောသည် တရားစီရင်ခြင်းနှင့် ပတ်သက်၍ မပြောင်းလဲသော နည်းစနစ်ဖြစ်ပါသည်။ သမ္မာကျမ်းစာ၌ ဖော်ပြထားသော ဘုရားသခင့် တရားစီရင်နည်းနှင့်လည်း ကိုက်ညီပါသည်။ ပညတ်တော်ဆယ်ပါးက ဘုရားသခင့် တရားစီရင်ခြင်းအကြောင်း ဤသို့ ဖော်ပြထားပါသည်။

"ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည် ဟု ယုံလွယ်သောဘုရား၊ ငါ့ကို မုန်းသောသူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက် တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေး

စီရင်သောဘုရား၊ ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကို ကျင့်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်၊ ကရုဏာကို ပြသောဘုရားဖြစ်၏။" ထွက်မြောက်ရာ ၂၀: ၅-၆

"အထောင်အသောင်းများသောသူတို့အား သနားခြင်း ကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကို လွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီးသက်သက် ဖြေလွှတ်တော်မမူထသော၊ သားစဉ်မြေးဆက် တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်တော်မူသော ဘုရားသခင်ဟု ကြွေးကြော်တော်မူ၏။" ထွက်မြောက်ရာ ၃၄း ၇

## ရန်သူ ကျရောက်စေသော ကပ်ရောဂါ

"ထိုနေ့နံနက်မှစ၍ ချိန်းချက်သော အချိန်တိုင်အောင် ထာဝရဘုရားသည် ဣသရေလအမျိုး၌ ကာလနာကို လွှတ် [H5414] လိုက်တော်မူ၍၊ ဒန်မြို့မှသည် ဗေရရှေဘမြို့တိုင်အောင် လူခုနစ်သောင်းသေကြ၏။" ၂ဓမ္မရာဇဝင် ၂၄း ၁၅

"စေလွှတ်သည်" (send) ဟူသောစကားလုံး၏ မူရင်းမှာ nathan ဖြစ်၍ အနက်မှာ ပေးသည် (သို့) တစ်ခါတစ်ရံ "စွန့်လွှတ်သည်" ဟူ၍ဖြစ်သည်။ ဘုရားသခင်၏ ပဋိညာဉ်တော်နှင့် ကပ်ရောဂါ၏ ဆက်စပ်မှုအကြောင်း အောက်ဖော်ပြပါ ကျမ်းပိုဒ်တွင် သေချာဖတ်ပါ။

"ငါသည် ပဋိညာဉ်အလျောက် လက်တုံ့ပြန်သောဓားကို သင်တို့အပေါ် ကျရောက်စေမည်။ သင်တို့သည် သင်တို့၏ မြို့များထဲ၌စုဝေးကြသောအခါ သင်တို့အလယ်သို့ ကပ်ရောဂါဘေးကို ငါစေလွှတ်မည်။ သင်တို့သည် ရန်သူ၏လက်သို့ အပ်နှံ [H5414] ခြင်းခံရလိမ့်မည်။" ဝတ်ပြုရာ ၂၆း ၂၅ MSBU

ဤကျမ်းပိုဒ်တွင်မူ (Nathan) ကို "အပ်နှံခြင်း"ဟု ဘာသာပြန်ထားသည်။ နောက်ဆုံးအပိုင်းကို သေသေချာချာဖတ်ကြည့်ပါ။

"သင်တို့အလယ်သို့ ကပ်ရောဂါဘေးကို ငါစေလွှတ်မည်။ သင်တို့သည် ရန်သူ၏လက်သို့ အပ်နှံ [H5414] ခြင်းခံရလိမ့်မည်။"

ကပ်ရောဂါသည် ရန်သူလက်သို့ အပ်နှံခြင်းခံရသောအခါရောက်လာခြင်းဖြစ်ကြောင်း တွေ့နိုင်သည်။

"အမြင့်ဆုံးသော ဘုရား၏ကွယ်ကာရာဌာနတော်၌ နေသောသူသည် အနန္တတန်ခိုးရှင်၏ အရိပ်ကို ခိုရလိမ့်မည်။ ထာဝရဘုရားသည် ငါခိုလှုံရာ၊ ငါ၏ရဲတိုက်၊ ငါကိုးစားသော ဘုရားသခင်ဖြစ်တော်မူသည်ဟု ငါပြော ဆို၏။ **အကယ်စင်စစ် မုဆိုး၏ ကျော့ကွင်းနှင့်ငင်း သေတတ်သောအနာနှင့်ငင်း၊ သင့်ကို ကင်းလွတ်စေတော်မူမည်။**" ဆာလံ ၉၁း ၁-၃

စာတန်သည် သူ့တန်ခိုးကို အသုံးပြုလျက်ရှိသည်။ သူသည် ဝင်းမှည့်နေသောစပါးများကို ဖျက်ဆီးပစ်သည်။ ထို့နောက် ကပ်ဘေးနှင့် ပူပင်သောကရောက်လာ၏။ **သူသည် လေထုထဲတွင် သေစေတတ်သောအနာကို စေလွှတ်သဖြင့် အထောင်အသောင်းသောလူတို့သည် ကပ်ရောဂါဖြင့် သေကုန်ကြ၏။**" GC 590

ယူဆချက်တစ်ခုမှာ ထိုလူပေါင်း ၇၀၀၀၀ကို ဖျက်ဆီးသောသူသည် စာတန်ဖြစ်သည်။ ဒုတိယတစ်ခုမှာ ဘုရားသခင်သည် စာတန်ကို ဣသရေလလူတို့နှင့် ဒါဝိဒ်ကို အပြစ်သွေးဆောင်ခွင့်ပေး၍ အပြစ်၌ ကျသွားသောကြောင့် လူပေါင်း ၇၀၀၀၀ကို ဘုရားသခင် သုတ်သင်ပစ်သည်။ ဒုတိယတစ်ခုသည် ရှေ့နောက်ညီမနေပါ။ အမှန်မှာ ဘုရားသခင့် အလိုတော်အတိုင်း ဒါဝိဒ်အလုပ် မလုပ်သောကြောင့် သူ့ကို သွေးဆောင်ခွင့် စာတန်ရရှိသွားသည်။ ဒါဝိဒ်အပြစ်၌ ကျဆုံးသောကြောင့် စာတန်သည် ဣသရေလူတို့အပေါ်တွင်လည်း အလုပ်လုပ်ခွင့်ရလာကာ သူတို့ပေါ် ကပ်ရောဂါကျရောက်စေနိုင်သောအခွင့် ရရှိသွားသည်။ ဤအထိ နားလည်၍ရသော်လည်း ဒဏ်ခတ်သော ကောင်းကင်တမန်များအကြောင်း ရှင်းပြချက် မပါသေးပါ။

"ကောင်းကင်တမန်သည် ယေရုရှလင်မြို့ကို ဖျက်ဆီးမည်ဟု လက်ကိုဆန့်သောအခါ၊ ထာဝရဘုရားသည် ထိုဘေးကြောင့် နောင်တရတော်မူ၍၊ တန်ပြီ။ သင့်လက်ကို ရုတ်သိမ်းလော့ဟု လူတို့ကိုဖျက်ဆီးသော ကောင်းကင်တမန်အား မိန့်တော်မူ၏။ ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ယေဗုသိလူအရောနန်၏ ကောက်နယ်တလင်း

အနားမှာ ရှိ၏။ လူတို့ကို ဒဏ်ခတ်သော ကောင်းကင်တမန်ကို ဒါဝိဒ်သည်မြင်သောအခါ၊ အကျွန်ုပ်ပြစ်မှားပါပြီ။ ဒုစရိုက်ကို ပြုမိပါပြီ။ ဤသိုးတို့မူကား အဘယ်သို့ ပြုမိပါသနည်း။ လက်တော်သည် အကျွန်ုပ်နှင့် အကျွန်ုပ်အဆွေအမျိုး၌ ရောက်စေတော်မူပါဟု ထာဝရဘုရားအား တောင်းပန်လေ၏။" ၂ဓမ္မရာဇဝင် ၂၄း ၁၆-၁၇

ကပ်ရောဂါကိုဖြစ်စေသောသူသည် စာတန်ဖြစ်သည်။ သို့သော် ၁ရာချုပ် ၂၁း ၁၆တွင် တွေ့ရသော ဘုရားသခင်၏ကောင်းကင်တမန်သည် ယေရုရှလမြို့အပေါ် ဓားကိုကိုင်မြှောက်ထားခြင်းသည် ဘာကိုဆိုလိုပါသလဲ။ သားတော်အသုံးပြုသော ဓားသည် မည်သည့် ဓားဖြစ်သနည်း။

## ဘုရားသခင့်သားတော်၏ ဓား

"လက်ျာလက်တော်သည်လည်း ကြယ်ခုနစ်လုံးကို ကိုင်၏။ ခံတွင်းတော်ထဲကလည်း ထက်သော သန်လျက် ထွက်၏။ မျက်နှာတော်သည် အရှိန်တန်ခိုးနှင့် ထွန်းတောက်သောနေကဲ့သို့ဖြစ်၏။ ထိုသူကိုငါမြင်သောအခါ၊ သေမတတ်ဖြစ်၍ ခြေတော်ရင်း၌ လဲလျက်နေ၏။ ထိုသူသည်လက်ျာ လက်ထောက်ကို ငါ့အပေါ်သို့ တင်လျက်၊ ကြောက်ရွံ့ခြင်းမရှိနှင့်။ ငါသည်အဦးဆုံးသောသူ၊ နောက်ဆုံးသော သူဖြစ်၏။" ဗျာဒိတ် ၁း ၁၆-၁၇

ရှင်ယောဟန်သည် ဘုရားသခင့်သားတော်၏ ခံတွင်းမှထွက်လာသော သန်လျက် (ဓား)ကို မြင်သောအခါ သူခံစားရသောအရာများအကြောင်း ကျွန်ုပ်တို့ ဖတ်ရသည်။ ထိုဓားသည် ဘယ်လိုဓားမျိုးဖြစ်သနည်း။

"ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကိုငင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုငင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံး အကြံအစည်များကိုလည်း သိမြင်တတ်၏။" ဟေဗြဲ ၄း ၁၂

ခရစ်တော် ထိုသန်လျက်ကို ဘယ်လိုအသုံးပြုခဲ့သလဲ။

"ကိုယ်တော်သည် ထိုမြင်ကွင်းကိုတွေ့မြင်သောအခါ ကရုဏာဒေါသ၊ အာဏာတော်နှင့် တန်ခိုးတော်များသည် မျက်နှာတော်ပေါ်တွင် ထင်ဟပ်ပေါ်လွင်လာခဲ့ပါသည်။ လူများ၏ အာရုံပြုမှုသည်လည်း ကိုယ်တော်အပေါ်သို့ ရောက်ရှိသွားခဲ့သည်။ ဗိမာန်တော်အတွင်း ရောင်းဝယ်ဖောက်ကားမှုများကို ကြည့်နေသောမျက်လုံးများသည် ကိုယ်တော်၏ မျက်နှာတော်ကို အာရုံစူးစိုက်လာခဲ့ကြသည်။ ကိုယ်တော်အားမကြည့်ဘဲ မနေနိုင်ကြတော့ချေ။ ဤပုဂ္ဂိုလ်သည် မိမိတို့၏ စိတ်တွင်းအကြံအစည်များကို ဖတ်တော်မူ၍ မိမိတို့ဖုံးကွယ်ထားသော စိတ်ထားများကို သိရှိသွားလေပြီဟု သူတို့ခံစားကြရသည်။ အချို့လူများသည် မိမိတို့၏ဒုစရိုက်များ မိမိတို့မျက်နှာပေါ်၌ ထင်ပေါ်နေသဖြင့် စေ့စေ့ပေါက်ပေါက်ကြည့်နေတော်မူသော မျက်လုံးတော်မှ လွတ်ကင်းရန် မျက်နှာလွှဲဖို့ ကြိုး စားခဲ့ကြပါသည်။

ဆူညံသံများ ငြိမ်သက်သွားခဲ့ပေပြီ။ ရောင်းဝယ်သံများနှင့် ဈေးဆစ်သံများလည်း ရပ်သွားခဲ့လေပြီ။ ဖြစ်ပေါ်လာသော ဆိတ်ငြိမ်မှုသည် စိတ်နှလုံးကို ထိခိုက်နာကျင်လာစေပါသည်။ ထိုလူများးသည် ကြောက်ရွံ့တုန်လှုပ်နေကြပါသည်။ မိမိတို့၏မကောင်းမှုလုပ်ရပ်များအတွက်ဖြေဆိုရန် ဘုရားသခင်၏ တရားရုံးရှေ့တွင် ရုံးတင် စစ်ဆေးခြင်းခံနေရသကဲ့သို့ ခံစားခဲ့ကြရပါသည်။ သူတို့သည် ခရစ်တော်ကို ကြည့်ရှုနေကြစဉ် လူသားအမူအရာများမှ ဘုရားဇာတိတော် ထွန်းတောက်နေသည်ကို မြင်တွေ့ခဲ့ရပါသည်။ ခရစ်တော်ဘုရားသည် နောက်ဆုံးသောနေ့ရက်ကြီးတွင် ကိုယ်တော်အားရစ်ပတ်မည့် ဘုန်းတော်သည် ယခုတွင် ကိုယ်တော်၌ မရစ်ပတ်ထားသော်လည်း အသက်ဝိညာဉ်များကို ဖတ်နိုင်သောတန်ခိုးတော်မှာ အတူတူပင်ဖြစ်ပါသည်။ မျက်လုံးတော်သည် လူတစ်ဦးချင်းပါဝင်သော လူအုပ်ကြီးတစ်ခုလုံးကို သိမ်းခြုံကြည့်လိုက်ပါသည်။ ကိုယ်တော်၏ ပုံပန်းလက္ခဏာသည် တန်ခိုးနှင့် ပြည့်ဝသော ကာယိန္ဒြေရှိသောကြောင့် အခြားသူများထက်ထူးခြားနေပြီး မျက်နှာတော်တွင်လည်း၊ ဘုန်းရောင်ခြည်တော်သည် ထွန်းလင်းတောက်ပနေပါသည်။ "ဤဥစ္စာကိုယူသွားကြ၊ ငါ့အဘ၏အိမ်တော်ကို ပွဲတဲမလုပ်ကြနှင့်" ဟူ၍ ကြည်လင်ပြတ်သား၍ ချိုသာအေးမြသောအသံဖြင့် မိန့်တော်မူလိုက်ရာ ဗိမာန်တော် စင်္ကြံများတစ်လျှောက်၌ ပွဲတင်ထပ်သွားခဲ့ပါသည်။

ထိုယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးကဲများ ချိုးဖောက်ခဲ့သော ပညတ်တော်ကို သိနာတောင်တွင် ဤအသံမျိုးဖြင့် မိန့်မြွက်တော်မူခဲ့ပါသည်။

လှေကားထစ်များအတိုင်း ဖြည်းညှင်းစွာဆင်းလာပြီး ရိုက်စရာကြိုးများကိုမြှောက်ယမ်းလျက် တိရိစ္ဆာများလှောင်ထားသောနေရာသို့ ဝင်သွားခဲ့ပါသည်။ ထို့နောက် ရောင်းဝယ်နေသောသူများအား ဗိမာန်တော်ပရိဝုဏ်မှ ထွက်ခွာသွားကြရန် စေခိုင်းလိုက်ပါသည်။ ကိုယ်တော်သည် ယခင်ကတစ်ခါမျှ ထင်ရှားစွာပြသတော်မမူဖူးသည့် စိတ်ထက်သန်မှု၊ တင်းမာမှုမျိုးနှင့် **ပွဲစားတို့၏ ငွေတင်ခုံများကို တွန်းလှန်မှောက်ပစ်တော်မူခဲ့သည်။** ကျောက်ဖြူသားဖြင့်ပြီးသော လမ်းပေါ်တွင် ငွေဒင်္ဂါးများကျသွားသဖြင့် စူးရှသောအသံဗလံများထွက်လာခဲ့ပါသည်။ ကိုယ်တော်ရှင်အား မည်သူမျှပြန်၍ မေးခွန်းမထုတ်ရဲကြချေ။ ကျနေသောငွေများကိုလည်း မည်သူမျှရပ်၍ မကောက်သိမ်းရဲကြချေ။ **ခရစ်တော်သည် ထိုသူများအား ထိုကြာပွတ်ကြိုးနှင့် မရိုက်သော်လည်း ကိုယ်တော်၏လက်ထဲတွင်ရှိနေသော ထိုကြာပွတ်ကလေးသည် မီးလျှံထနေသောဓါးတစ်ချောင်းကဲ့သို့ ကြောက်ရွံ့စရာသဖွယ်ဖြစ်နေပါသည်။** ဗိမာန်တော်အရာရှိများ စောင့်ကြည့်နေသော ယဇ်ပုရောဟိတ်များ၊ ပွဲစားများ၊ တိရိစ္ဆာန်ကုန်ကူးရောင်းဝယ်သူများတို့သည် **ကိုယ်တော်၏ အပြစ်ဒဏ်စီရင်ခြင်းမှ လွတ်မြောက်ရန် အကြံအစည်ဖြင့်** မိမိတို့၏ သို့များ၊ နွားများရှိသည့်နေရာမှ **တစ်ဟုန်ထိုးထွက်ပြေးသွားကြပါသည်**။

ဘုရားသခင်၏ ကာကွယ်စောင့်ရှောက်မှုကို ခံစားနေရသော လူထုကြီးသို့တိုင် ရုတ်ရုတ်သဲသဲဖြစ်မှုသည် ဂယက်ရိုက်သွားခဲ့ပါသည်။ ဖြူရော်နေသော နှုတ်ခမ်းများမှ ကြောက်ရွံ့အော်ဟစ်သံများ ထွက်ပေါ်လာခဲ့ပါသည်။ တမန်တော်များသည်ပင်လျှင် ကြောက်ရွံ့တုန်လှုပ်သွားခဲ့ကြပါသည်။ သခင်ယေရှု၏ နဂိုနှင့်မတူသည့်အမူအရာများနှင့် စကားသံများကြောင့် ၎င်းတို့စိုးရွံ့ထိတ်လန့်ခဲ့ကြ ပါသည်။" DA 157.4, 158.3 (မြန်မာ ပတွဲ ၂၂၈-၂၃၁)

ဖျက်ဆီးသူ၏ အမျက်ဒေါသကို ခံစားခဲ့ရသော လူပေါင်း ၇၀၀၀၀အတွက် ဘုရားသခင်၏ ဝိညာဉ်တော်သည် သူတို့ကိုနောင်တရစေရန် သူတို့အပြစ်တရားကို အထူးသိမြင်စေခဲ့သည်။ ထိုသို့ အပြစ်တရားကို သိမြင်အောင် ထင်ရှားစေခြင်းသည် အရေးပေါ်လိုအပ်နေပါသည်။

အကြောင်းမှာ ဝိညာဉ်တော်၏အလုပ်ကို သူတို့ငြင်းပယ်မည်ဆိုလျှင် သူတို့သည် လုံးလုံးအကာကွယ်မဲ့သွားကာ ဖျက်ဆီးသူစာတန်ကို ရင်ဆိုင်ရမည်ဖြစ်သည်။ ဗိမာန်တော်ကို သန့်စင်ခဲ့စဉ်က လူများကဲ့သို့ သူတို့သည် ဘုရားသခင့်ထံမှ ထွက်ပြေးကြသည်။ လူပေါင်း ၇၀၀၀၀ သည် ယေရှုထံမှထွက်ပြေးကာ သူတို့ကို ကပ်ရောဂါဖြင့် သုတ်သင်ခဲ့သော စောင့်ကြိုနေသူစာတန်၏ ရင်ခွင်ထဲသို့ ပြေးသွားခဲ့ကြသည်။ မိမိတို့အပြစ်ကို နောင်တရ၍ ခွင့်လွှတ်ရန် ဘုရားသခင်ကို သူတို့တောင်းဆိုခဲ့သင့်သည်။ သို့သော် သူတို့သည် ဘုရားသခင်အထံတော်မှ ထွက်ပြေးသွားသောကြောင့် သေခြင်းကို ကြုံတွေ့ခဲ့ရသည်။

ထိုသဘောတရားသည် ဘုရားသခင် ခါနနိလူများအပေါ် ပြုမည်ဟု ဆိုခဲ့သည့် စကားနှင့် သဘောတရား လုံးဝအတူတူပင်ဖြစ်သည်။

> "ငါ့ကိုကြောက်တတ်သော သဘောကို သင့်ရှေ့သို့ ငါစေလွှတ်၍၊ သင်ရောက်လေရာရာအရပ်၌ ခပ်သိမ်းသောလူမျိုးကို ငါဖျက်ဆီးမည်။ သင်၏ရန်သူအပေါင်းတို့ကို နောက်သို့လှည့်စေမည်။ ပျားတူများကိုလည်း သင့်ရှေ့သို့ ငါစေလွှတ်၍၊ သူတို့သည် ဟိဝိလူ၊ ခါနနိလူ၊ ဟိတ္တိလူတို့ကို သင့်ရှေ့မှာ နှင်ထုတ်ကြလိမ့်မည်။" ထွက်မြောက်ရာ ၂၃း ၂၇-၂၈

ကြောက်တတ်သောသဘောကို စေလွှတ်ခြင်းဆိုသည်မှာ အပြစ်ကိုဖော်ပြခြင်းဖြစ်ပြီး အပြစ်ရှိသည်ဟု သိသောစိတ်သည် ဆိုးယုတ်သူများကို ကြောက်ရွံ့စေသည်။ ပျားတူတို့၏ ကိုက်ချက်သည် အသိစိတ်ကို အပြစ်ရှိသည့်ခံစားချက်ဖြင့် ညှင်းဆဲခြင်းဖြစ်သည်။ ထိုအပြစ်ရှိစိတ်ခံစားချက်များက သူတို့ကို ဘုရားသခင့်အထံတော်မှ ထွက်ပြေးသွားစေကာ ရန်သူ့လက်ထဲသို့ ပြေးသွားစေသည်။ အကယ်၍ သူတို့သာ နောင်တရ၊ ပြောင်းလဲကာ ဘုရားသခင့်သားသမီးများဖြစ်လာခဲ့ကြလျှင် သူတို့ကို ဘုရားသခင်ကယ်တင်တော်မူလိမ့်မည်။ ဗိမာန်တော်မှ လူအားလုံး ကျောခိုင်းထွက်ပြေး မသွားခဲ့သကဲ့သို့ ဓားတော်ကိုလည်း လူအားလုံး မခံစားခဲ့ရပါ။

> "သူတို့ထွက်ပြေးသွားကြစဉ်က ဆင်းရဲသားများသည် နောက်နားမှာ ကျန်ရစ်ခဲ့ကြသည်။ ယခုတွင်မူ ထိုသူများသည် ခရစ်တော်ကို ဖူးမြော်ကြလျက် ၎င်းတို့၏မျက်နှာများတွင်လည်း ကိုယ်တော်၏မေတ္တာတော်နှင့် စာနာသနားမှုများကို ဖော်ပြနေကြပါသည်။ ကိုယ်တော်၏မျက်လုံးတော်မှ မျက်ရည်များကျလျက် မကြောက်ကြနှင့် ငါသည်သင့်ကိုကယ်

တင်မည်၊ သင်သည်လည်း ငါ့ကိုချီးမွမ်းလိမ့်မည်။ ဤကိစ္စအတွက် ငါသည် ဤလောက သို့ကြွလာတော်မူခဲ့ခြင်းဖြစ်သည်ဟု အနားတွင် ကြောက်ရွံ့တုန်လှုပ်လျက် ဖူးမြော်နေကြသူများအား ကိုယ်တော်သည် အားပေးတော်မူနေပါသည်။

လူထုကြီးသည် မရမနေသနားကြင်နာဖွယ်တောင်းဆိုချက်များနှင့်အတူ ခရစ်တော်ရှေ့မှောက်သို့ တိုးဝင်လာခဲ့ကြကာ သခင်၊ ကျွန်ုပ်တို့အား ကောင်းချီးပေးတော်မူပါဟု တောင်းခံကြ၏။ ကိုယ်တော်ရှင်၏နားတော်သည် အော်ဟစ်တောင်းလျှောက်သံတိုင်းကို ကြားတော်မူခဲ့သည်။ ချစ်တတ်သောမိခင်၏ ထူးကဲသောသနားကြင်နာမှုမျိုးနှင့် ဒုက္ခခံစားနေရသူများအား ကိုယ်တော်အာရုံစူးစိုက်ခဲ့ပါသည်။ လူတိုင်းသည် မိမိတို့၏ရောဂါများပျောက်ကင်းခဲ့ကြသည်။ ဆွံ့အသူများသည် ကယ်တင်ရှင်၏မျက်နှာတော်ကို ဖူးမြော်ခဲ့ကြရသည်။ ဆင်းရဲဒုက္ခခံစားရသူများ၏ စိတ်နှလုံးများသည် ဝမ်းမြောက်မှုကို ခံစားကြရသည်။” DA 162.4-162.5 (မြန်မာစာအုပ် ပတွဲ ၂၃၆)

ဣသရေလတို့ကိုရေတွက်သည့် ပုံပြင်မှ စာတန်လက်ထဲသို့ ကျဆုံးသွားသူများကို ကယ်တင်ရန် နောက်ဆုံးအခွင့်အရေးအနေဖြင့် ဘုရားသခင့် ဝိညာဉ်တော်သည် သူတို့ဆီသွားရောက်ကာ သူတို့၏အပြစ်နှလုံးသားကို သန့်စင်ပေးချင်ခဲ့ကြောင်း တွေ့နိုင်ပါသည်။ ထိုကမ်းလှမ်းချက်ကို သူတို့ငြင်းပယ်သောအခါ “သင့်အိမ်သည် လူဆိတ်ညံသောနေရာဖြစ်လိမ့်မည်။”ဟု ဝမ်းနည်းစွာ မြွက်ဆိုခဲ့ရသည်။ “ဓား”သည် ဟေဗြဲဘာသာတွင် “မိုးခေါင်ခြင်း(ဝါ) ချို့တဲ့ခြင်း” စသည့်အနက်များရှိသည်။ ဝိညာဉ်သည် ခရစ်တော်ကို လုံးလုံးငြင်းပယ်သောအခါ ထိုဝိညာဉ်ကို စာတန်လက်ထဲ အလိုအလျှောက်ထားရစ်ရတော့သည်။ အကြောင်းမှာ ထိုဝိညာဉ်သည် ခရစ်တော်ကို ဝင်လာခွင့် မပေးသောကြောင့်ဖြစ်သည်။

ထိုကဲ့သို့သောလူများ၏ စိတ်နှလုံးကို စာတန်ထိန်းချုပ်ထားသည်။ ခရစ်တော်သည် သူတို့ကို ကယ်တင်နိုင်ရန် နောက်ဆုံးအခွင့်အရေးကို ရှာနေသည်။ စာတန်ကလည်း သူ့သားကောင်ကို မလွတ်ထွက်စေရန် စိတ်ပိုင်းဖြတ်ထား၏။ လူ့ဝိညာဉ်သည် ခရစ်တော်ကို ဝင်ခွင့်မပေးသောအခါ စာတန်သည် သူတို့နောင်တရ၍ သားကောင် ဆုံးရှုံးရမည်ကို မလိုလားသဖြင့် သူတို့အ

သက်ကို နုတ်ယူရန် ကြိုးစားတော့သည်။ အကြောင်းအရာအလုံးစုံကို ကျွန်ုပ်တို့မသိနိုင်သော်လည်း ဘုရားသခင်ပြုမူပုံ သူ့နည်းဥပဒေသများကို နားလည်ရန်မခက်ခဲပါ။

"ခင်ဗျားက ကျမ်းချက်တွေကို တင်စားရေးထားသလိုလို စိတ်ကူးနဲ့ အနက်ပြန်ဖွင့်နေတယ်" ဟု စွပ်စွဲချက်များထွက်လာသည်။ "ကျမ်းစာထဲမှာ "ဓား"လို့ သုံးထားတဲ့အတွက် တိုက်ရိုက်အနက်အတိုင်း ဓားလို့ပဲ အနက်ဖွင့်သင့်တယ်"ဟု ပြောချင်စရာရှိပါသည်။ ပထမအချက်အနေဖြင့် ထိုလူပေါင်း ၇၀၀၀၀ကို သေစေသောအရာသည် ကပ်ဘေးဖြစ်သည်။ သူတို့သည် ကောင်းကင်တမန်ကိုင်ထားသော တကယ့်ဓားအစစ်ဖြင့် အသတ်ခံရသည်မဟုတ်ပါ။ ဒုတိယအချက်အနေဖြင့် ဆက်စပ်သောကျမ်းချက်အားလုံးကို စုဆောင်း၍ ဆင်ခြင်ပြီးမှသာ ယူဆချက်တစ်ခုကို နိဂုံးချုပ်သင့်ပါသည်။ ဝီလီယမ် မီလာ၏ အနက်ဖွင့်ခြင်းဆိုင်ရာ စည်းမျဉ်း ၁၁ခုမြောက် တွင် ဤသို့ဆိုထားပါသည်။

> "ကျမ်းစာ၌ စကားလုံးများကို တင်စားသုံးနှုန်းထားကြောင်း မည်သို့သိနိုင်မည်နည်း။ စကားလုံသည် တိုက်ရိုက်အနက်ပြန်ရာတွင် လောကဓမ္မတာတရားနှင့် ဆန့်ကျင်၍ အကြမ်းဖက်မှုအနက်များ ရှိမနေလျှင် တိုက်ရိုက်အနက်ယူသင့်သည်။ ထိုသို့မဟုတ်လျှင် တင်စားသုံးနှုန်းထားသည်ဟု မှတ်ယူနိုင်သည်။"
>
> "If it makes good sense as it stands, and does no violence to the simple laws of nature, then it must be understood literally, if not, figuratively."

ထိုလူအပေါင်းသည် ကပ်ဘေးကြောင့် ပျက်စီးကုန်သည်ဖြစ်၍ ကောင်းကင်တမန် ကိုင်ထားသော ဓားသည် အခြားရည်ရွယ်ချက် ရှိလိမ့်မည်။ ကျမ်းစာထဲတွင် ခရစ်တော်အသုံးပြုသော ဓားအကြောင်း တော်တော်များများ တွေ့နိုင်ပါသည်။ ထိုဓားသည် နှုတ်ကပတ်တော်တည်းဟူသော ဓားဖြစ်သည်။ ကောင်းကင်တမန်သည် ဓားဖြင့် မည်သို့ဒဏ်ခတ်ခဲ့ကြောင်းနှင့် ကပ်ရောဂါဖြင့်သေခဲ့ကြခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ဖော်ပြပြီးဖြစ်သည်။ ထိုဓားသည် လူများ၏ အပြစ်ကို သိမြင်ထင်ရှားစေသော ဘုရားသခင့် နှုတ်ကပတ်တော်ဖြစ်သည်။ ထိုနှုတ်ကပတ်တော်ဖြင့် အပြစ်ရှိကြောင်း ခံစားသိရှိစေခြင်းသည် ကောင်းကင်တမန်၏ ဓားဖြင့်ဒဏ်ခတ်နည်းဖြစ်သည်။ မိမိတို့ဇာတိပကတိသဘောကို နှုတ်ကပတ်တော်ဓားဖြင့် အသေမသတ်ချင်ကြသောကြောင့် ဘုရားသခင်၏ ဝိညာဉ်တော်သည် သူတို့စွန့်ပစ်သွားရသည်။ ထို့ကြောင့်

ဖျက်ဆီးသူသည် သူတို့အသက်ကို နုတ်ယူပစ်ခဲ့သည်။ ဤသဘောတရားသည် ဝိညာဉ်တော် စာပေနှင့်လည်း ကိုက်ညီကြောင်း တွေ့နိုင်သည်။

> "ယနေ့ခေတ်တွင် ဘုရားသခင်အပေါ် မလေးမစားဆက်ဆံသည့် အပြုမူများ ပိုပိုတိုးပွား လာသည်။ လူသားများ၏ မောက်မာမှု၊ နားမထောင်မှုတို့သည် သူတို့ အပြစ်စုပုံရာခွက် ဖလား ပြည့်လုနီးသည်အထိ ဖြစ်လာစေလေပြီ။ လူတို့သည် ကရုဏာတော် ကန့်သတ် ချက်ကို ကျော်လုနီးနေပြီ။ မကြာမီအချိန်တွင် ဘုရားသခင်က သူသည်အသက်ရှင်သော ဘုရားဖြစ်ကြောင်း ဖော်ပြတော်မူလိမ့်မည်။ ကောင်းကင်တမန်များထံ "ဖျက်ဆီးနေ သော စာတန်ကို မတိုက်ခိုက်တော့နှင့်။ သူသည် နားမထောင်သော သားသမီးများအပေါ် စိတ်ကြိုက်ပြုမူပါစေ။ အကြောင်းမှာ သူတို့၏အပြစ်စုပုံရာခွက်ဖလားသည် ပြည့်လျက် ရှိ၏။ သူတို့သည် တစ်ဆင့်တစ်ဆင့် ပိုမိုမိုက်မဲလာကြပြီ။ နေ့စဉ် ဘုရားမဲ့တရားမဲ့ ပြုမူ ကြ၏။ ဖျက်ဆီးသူ သူတို့အပေါ် တိုက်ခိုက်မှုများအတွက် ငါသည် ထပ်၍ကာကွယ်ပေး တော့မည်မဟုတ်။"ဟု ဘုရားသခင် မိန့်တော်မူလိမ့်မည်။" RH, Sep 17, 1901

ကိုယ်တော်ပြောသောစကားလုံးများ၏ မူရင်းတိုက်ရိုက်အနက်သည် အလွန်ကြမ်းတမ်း၍ သဘာဝမကျသည့်အခါ ထိုစကားလုံးများ၏ တင်စားခိုင်းနှိုင်းခြင်းအနက်ကို မရှာချင်သော သူတို့သည် စကားတော်ကို ကြားနာသူတို့ပင်ဖြစ်ကြောင်း ကျွန်ုပ်တို့သတိရကြပါစို့။

> "ယေရှုကလည်း၊ ငါအမှန်အကန်ဆိုသည်ကား၊ လူ၏ အသားကိုမစား၊ အသွေးကိုမ သောက်လျှင် သင်တို့၌ အသက်မရှိ။ ငါ၏ အသားကိုစား၍ ငါ၏အသွေးကိုလည်း သောက်သောသူသည် ထာဝရအသက်ကိုရ၏။ ထိုသူကို နောက်ဆုံးသောနေ့၌ ငါထ မြောက်စေမည်။ ငါ၏အသားသည် စားစရာကောင်း၏။ ငါ၏ အသွေးလည်းသောက် စရာကောင်း၏။ ငါ၏အသားအသွေးကို သောက်စားသောသူသည် ငါ၌တည်၏။ ထို သူ၌လည်း ငါတည်၏။" ယောဟန် ၆း ၅၃-၅၅

အချို့တို့သည် ထိုကဲ့သို့သောစကားလုံးများကို ကြားရသောအခါ တင်စားအနက်ကို မရှာပဲ အောက်ပါအတိုင်း ပြုတတ်ကြသည်။

“ထိုအခါမှစ၍ တပည့်တော်များတို့သည် ကိုယ်တော်နှင့်မပေါင်းဖော်ဘဲ ဆုတ်သွားကြ၏။” ယောဟန် ၆း ၆၆

ခမ္မဟောင်းကျမ်းရှိ ထိုကဲ့သို့သော ပုံပြင်များအကြောင်း ဖတ်သောခါ မီလာ၏ စည်းမျဉ်းကို မလိုက်နာဘဲ ယောဟန် ၆း ၆၆အတိုင်း ကိုယ်တော်ကိုစွန့်ပစ်ကြရမလား၊ ခမ္မတာတရားကို လွန်ဆန်သော အကြမ်းဖက်မှုများကို ကျွန်တော်တို့ လက်ခံကြမလား။ ကျွန်တော်တို့ လေ့လာခဲ့ပြီးသော နည်းစနစ်များကို စိတ်ထဲတွင် မှတ်ထား၍ ကောင်းကင်တမန်တို့ အာရှုရိစစ်သား ၁၈၅၀၀၀ကို ဒဏ်ခတ်သည့်အကြောင်း လေ့လာကြပါစို့။

## အာရှုရိစစ်တပ် ဖျက်ဆီးခံရခြင်း

“ထိုညဥ့်တွင် ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထွက်၍ အာရှုရိတပ်တွင် လူတသိန်း ရှစ်သောင်းငါးထောင်တို့ကို ဒဏ်ခတ်လေ၏။ နံနက် စောစောထချိန် ရောက်သောအခါ၊ ထိုသူအပေါင်းတို့သည် အသေကောင်ဖြစ်ကြ၏။” ၄ဓမ္မရာဇဝင် ၁၉း ၃၅

ဘုရားသခင်၏ ကောင်းကင်တမန်သည် သူတို့ကို ဒဏ်ခတ်၍ နံနက်စောစောအချိန်တွင် သူတို့ အသေကောင်ဖြစ်သွားကြကြောင်း တွေ့နိုင်သည်။ ဒဏ်ခတ်ပြီးပြီးချင်း ချက်ချင်းသေသွားကြသည်ဟု ရေးမထားပါ။ ဝိညာဉ်တော်စာပေက ထိုစစ်သားများ မည်သို့ဖြစ်သွားကြောင်း ဖော်ပြထားပါသည်။

“စစ်တပ်ကြီး ချဉ်းကပ်လာသောအသံကို ကြားရသောအခါ *ဟားစ်စိုက်*စစ်တပ်ရှေ့တွင်ပင် *ကစ္စူးဆိုက်*တိုက်ပွဲသူဝင်များ ဂယောင်ခြောက်ခြားဖြစ်သွားကြသည်။ မင်းသားများ၊ စစ်ဗိုလ်များ၊ စစ်သားတို့သည် မိမိတို့ဒိုင်းကာတို့ကို လွှင့်ပစ်၍ အရပ်ရှစ်မျက်နှာသို့ ပြေးကြသည်။ ကျူးကျော်စစ်ကို ဦးဆောင်သူ ပုပ်ရဟာန်း မင်းကြီး၏ နိုင်ငံခြားရေးကိုယ်စားလှယ်တော်သည် ခြောက်ခြားကွဲလွင့်နေသော သူ့စစ်တပ်ကို ပြန်လည်စုစည်းရန် ကြိုးစားခဲ့သော်လည်း စုစည်း၍မရတော့ချေ။ အစွမ်းကုန်ကြိုးစားခဲ့သော်လည်း သူကိုယ်

တိုင် တိမ်းရှောင်ထွက်ပြေးနေသူများအကြား လွှင့်စင်သွားသည်။ တိုက်ပွဲကျသွားချေပြီ။ စစ်နိုင်သူများက တန်ဖိုးကြီးပစ္စည်းဥစ္စာများ သိမ်းယူသွားကြသည်။

ဒုတိယအကြိမ်တွင် ဥရောပ၏ အင်အားအကြီးမားဆုံးနိုင်ငံများမှ ကြီးမားသောစစ်တပ်ကြီးတစ်တပ်ကို စေလွှတ်ခဲ့သည်။ ထိုစစ်တပ်သည် စစ်သူရဲများ၊ စစ်ရေးကျွမ်းကျင်သူများ၊ တိုက်ပွဲအတွက် လက်နက်များဖြင့် အထူးလေ့ကျင့်ထားသူများဖြင့် ပြည့်နေသည်။ ထိုလူများသည် တိုက်မိန့်အချက်မပြသေးဘဲ အင်အားနည်းချည့်နဲ့သော ခုခံသူများကို တိုက်ခိုက်ရန် ပြေးသွားကြသည်။ ထိုအချိန်တွင် ဘုရားတန်းခိုး ထင်ရှားခဲ့သည်။ **ကျူးကျော်သူများသည် အလွန်အားကြီးသော ကြောက်လန့်မှုဖြင့် ဒဏ်ခတ်ခံခဲ့ရကြသည်။ ပင်လယ်နီတွင် ဖာရောဘုရင်၏ စစ်တပ်ကို ကျဆုံးစေခဲ့သူ၊ ဂိဒေါင်နှင့် သူ့စစ်သားသုံးရာရှေ့တွင် မိဒျန်စစ်တပ်ကို ထွက်ပြေးစေခဲ့သူ၊ တစ်ညတွင်းချင်း မာန်တက်နေသော အာရှုရိစစ်တပ်ကို ပြိုလဲစေခဲ့သူသည်** ဖိနှိပ်တိုက်ခိုက်သူများ၏အင်အားကို ခြောက်ခမ်းစေရန် သူ့လက်တော်ကို ဆန့်တော်မူ၏။ "သို့ဖြစ်၍ ကြောက်လန့်စရာ မရှိသော်လည်း၊ အလွန်ကြောက်လန့်ကြလိမ့်မည်။ အကြောင်းမူကား၊ သင့်ကိုဝန်းရံ၍ တပ်ချသောသူ၏ အရိုးတို့ကို ဘုရားသခင်သည် ဖရိုဖရဲကွဲပြားစေတော်မူမည်။ သူတို့ကို ဘုရား သခင် ရှုတ်ချတော်မူသောကြောင့်၊ သင်သည် သူတို့ကို အရှက်ခွဲရလိမ့်မည်။"ဆာလံ ၅၃း ၅ (GC 117) (*ဟားစ်စိုက်* = Hussites/ *ကရူးဆိုက်* = crusade)

ဘုရားတန်ခိုးတော်ကြောင့် အလွန်အားကြီးသောကြောက်လန့်ခြင်း ခံစားရသည့် အထဲတွင် အီဂျစ်၊ မိဒျန်နှင့် အာရှုရိလူတို့အကြောင်း စုစည်းတင်ပြထားသည်ကို တွေ့ရသည်။ ထိုကြောက်လန့်မှုသည် မိမိအပြစ်ကို သိမြင်လာသောဝိညာဉ်တို့ကို နောင်တရလျက် မိမိတို့ဆိုးယုတ်မှုများကို ကျောခိုင်းစေရန် သန့်ရှင်းသောဝိညာဉ် တော်၏ ကြိုးစားမှုဖြစ်သည်။ ထိုဓားချက်ခံရသော(အပြစ်ရှိစိတ်ကြောင့် ကြီးစွာကြောက်လန့်သည့် ခံစားချက်) စစ်သားများသည် လူသေကဲ့သို့ လဲကျကြ၏။

"ထိုစဉ်အလွန်ပြင်းသော လျှေင်လျှပ်လေ၏။ အကြောင်းမူကား၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ကောင်းကင်မှဆင်းသက်လာ၍ ကျောက်တုံးကိုလှိမ့်ဖယ်ကာ

ၚင်းအပေါ်၌ ထိုင်လေ၏။ သူ၏အဆင်းသဏ္ဍာန်သည် လျှပ်စီးလက်သကဲ့သို့ဖြစ်ပြီး၊ သူ၏အဝတ်သည် နှင်းပွင့်ကဲ့သို့ဖြူ၏။ **အစောင့်တို့သည် ကောင်းကင်တမန်ကို ကြောက်ရွံ့သဖြင့် တုန်လှုပ်၍ လူသေကဲ့သို့ဖြစ်သွားကြ၏။**" ရှင်မဿဲ ၂၈း ၂-၄

"အဘယ်သူကိုရှာကြသနည်းဟု မေးတော်မူရာ နာဇရက်မြို့သားယေရှုကို ရှာကြသည်ဟုဆိုလျှင် ယေရှုက ငါသည်ထိုသူဖြစ်၏ဟု မိန့်တော်မူ၏။ ဤစကားများကို ပြောဆိုနေကြစဉ်တွင် မကြာမီက ကိုယ်တော်ရှင်အား အလုပ်အကျွေးပြုခဲ့သော ကောင်းကင်တမန်သည် ယေရှုနှင့်ထိုလူအုပ်ကြီးအကြားတွင် နေရာယူလိုက်ပါသည်။ ကြီးမြတ်သော အလင်းတော်တစ်ခုသည် ကိုယ်တော်၏မျက်နှာဝယ် ထွန်းလင်းလျက်ရှိပြီး ချိုးငှက်သဏ္ဍာန်အရာတစ်ခုသည် ကိုယ်တော်အားကာကွယ်ထားပါသည်။ ဘုရားသခင်၏ ဘုန်းတော်ထွန်းလင်းသော နေရာတွင် လူသတ်ရန် စိတ်ပြင်းထန်နေသည့် ထိုလူအုပ်ကြီးတစ်ခဏမျှပင်မရပ်တည်နိုင်ခဲ့ချေ။ သူတို့အားလုံးနောက်သို့ ဆုတ်ပြေးကြပြီး၊ ယုဒရှကာရုတ်ကိုယ်တိုင်မှအစ ယဇ်ပုရောဟိတ်များ၊ ယုဒလူအကြီးအကဲများနှင့် ရောမစစ်သားများသည် အသေကောင်များနှယ်မြေပေါ်သို့ လဲကျကုန်ကြပါသည်။" DA 694.5 (မြန်မာစာအုပ် စတုတ္ထတွဲ ၁၁၆)

ယေရှု၏ အုတ်ဂူစောင့် စစ်သားများသည် အဖြစ်ပျက်ကို ဂျူးခေါင်းဆောင်များထံ အစီရင်ခံသည်ကိုထောက်၍ ကြောက်စိတ်ဖြင့်မသေခဲ့ကြကြောင်း ကျွန်တော်တို့ သိနိုင်ပါသည်။

"ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူအကြီးအကဲတို့သည် စုဝေး၍ တိုင်ပင်ပြီးမှ စစ်သူရဲတို့အား ငွေအများကို ပေး၍၊ ညဥ့်အခါ ငါတို့အိပ်ပျော်စဉ်တွင် ထိုသူ၏ တပည့်တို့သည်လာ၍ အလောင်းကို ခိုးသွားကြသည်ဟု သင်တို့ပြောကြလော့။ ထိုအကြောင်းကို မြို့ဝန်မင်းကြားပြန်လျှင်၊ ငါတို့သည် သူ့ကိုဖျောင်းဖျ၍ သင်တို့၌ အမှုမရှိစေခြင်းငှါ ပြုမည်ဟု သွန်သင်သည်နှင့်အညီ စစ်သူရဲတို့သည် ငွေကိုယူ၍ပြုကြ၏။ ထိုစကားကို ယခုတိုင်အောင် ယုဒလူတို့ သည် အနှံ့အပြားပြောဆိုကြ၏။" ရှင်မဿဲ ၂၈း ၁၂-၁၅ (MSBU)

ဖြောင့်မတ်သော ဒံယေလသည် ကောင်းကင်တမန် ဂါဗြေလကို မြင်သောအခါ လူသေကဲ့သို့ လဲကျသဖြင့် ဂါဗြေလသည် ရပ်နိုင်အောင် ခွန်အားပေးခဲ့ကြောင်းလည်း တွေ့နိုင်သည်။

“ထို့ကြောင့် ငါတစ်ယောက်တည်းကျန်ရစ်ပြီး၊ ထိတ်လန့်ဖွယ်နိမိတ်အာရုံကို မြင်ရ၍ ခွန်အားများ မရှိတော့ချေ။ **ငါ့မျက်နှာသည် လူသေမျက်နှာကဲ့သို့ဖြစ်၍ ခွန်အားကုန်ခမ်းလေ၏။** ထိုအခါ ထိုသူပြောသော စကားသံကို ကြားရ၏။ ထိုသူပြောသောစကားကို နားထောင်နေစဉ် **ငါသည် သတိလစ်၍ မှောက်လဲကျသွား၏။** ထိုအခါ လက်တစ်ဖက်သည် ငါ့ကိုတို့၍ ငါ့ဒူးနှင့်လက်ကိုလည်း ကိုင်လှုပ်လေ၏။ ထိုသူက “နှစ်သက်မြတ်နိုးခြင်းခံရသူ ဒံယေလ၊ ငါပြောသောစကားကို နားလည်လော့။ ထ၍ ရပ်လော့။ ငါသည် သင့်ထံသို့ စေလွှတ်ခြင်းခံရသောသူဖြစ်၏”**ဟုဆိုလျှင် ငါသည် တုပ်လှုပ်လျက် ရပ်လေ၏။**” ဒံယေလ ၁၀: ၈-၁၁

သန့်ရှင်းသောကောင်းကင်တမန်ရှေ့တွင် ဒံယေလ၏ အပြစ်ရှိသော လူ့ဇာတိပကတိသဘောကြောင့် မျက်နှာသည် ကောင်းကင်တမန်နှင့်ယှဉ်လျှင် လူသေမျက်နှာကဲ့သို့ ဖြစ်သွားရသည်။ ဖြောင့်မတ်သော လူသားသည် ထိုမျှလောက်ခံစားရလျှင် ဆိုးယုတ်သူသည် မည်သို့ဖြစ်သွားနိုင်သနည်း။

အလွန်ထိန့်လန်စရာ ကြုံရသောအခါ လူ့ကိုယ်ခန္ဓာ၏ ခုခံအားသည် ဖိစီးမှုပြင်းစွာ ခံရသည်။ ထိုအချိန်ကာလကြာမြင့်လာပါက ခန္ဓာကိုယ်သည် အလုပ်မလုပ်နိုင်တော့ဘဲ သတိမေ့လဲကျသွားနိုင်သည်။ စစ်သား တစ်သိန်းရှစ်သောင်းငါးထောင်တို့သည် ဘုရားသခင်၏ ကောင်းကင်တမန်ကို မြင်သောအခါ သူတို့ကိုယ်ခန္ဓာ ခုခံအားသည် အားနည်းလာသဖြင့် ရောဂါအလွယ်တကူဝင်ရောက်နိုင်သည့် အခြေနေဖြစ်သွားရသည်။ သမိုင်းပညာရှင် ယောရှဖတ်က အဖြစ်ပျက်ကို ဤသို့ရှင်းပြခဲ့သည်။

၅။ အီဂျစ်နှင့် စစ်တိုက်ရာမှ သနာခရိပ်သည် ယေရုရှလင်မြို့သို့ ပြန်လာသောအခါ သူ့ဗိုလ်ချုပ်ကြီး ရာဗရှခကလက်အောက်ရှိ စစ်တပ်ကြီးသည် အသက်ဘေး (ကပ်ရောဂါကြောင့်) ကြီးစွာ ကြုံတွေ့နေခဲ့သည်။ သူ့စစ်တပ်အပေါ် ဘုရားသခင် ကပ်ရောဂါစေလွှတ်ခဲ့သည်။ မြို့ကိုဝိုင်းထားသည့် ပထမဆုံးညတွင်ပင် ဗိုလ်မှူး၊ ဗိုလ်ချုပ်များအပါအဝင် စစ်သား ၁၈၅၀၀၀သည် ဖျက်ဆီးခံခဲ့ရသည်။ ရှင်ဘုရင်သည် ထိုအဖြစ်ပျက်ကြောင့် သေမတတ်ကြောက်လန့်တုန်လှုပ်လျက် စစ်တပ်တစ်ခုလုံး ချေမှုန်းခံရမည်ကို ကြောက်

သဖြင့် ကျန်ရှိနေသော စစ်တပ်ဖြင့် မိမိနိုင်ငံရှိ နိနေဝိမြို့သို့ ပြေးလေ၏။ ထိုမြို့၌ ခဏ နေ၍ သူ့ဘုရားနိသရုတ်၏ဗိမာန်၌ ကိုးကွယ်စဉ်တွင် သားတော်အာဒြမ္မေလက်နှင့် ရှရေဇာတို့သည် သူ့ကိုဓားနှင့်သတ်ပြီးလျှင် အာရမနိပြည်သို့ ပြေးကြ၏။” Josephus, Antiquities of the Jews Book 10 Chapter 1, Section 5

အထက်ပါမှတ်တမ်းကို ဝိညာဉ်တော်စာပေကလည်း ထောက်ခံထားသည်။

“ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထွက်၍၊ အာရှုရိတပ်တွင် လူတစ်သိန်းရှစ်သောင်း ငါးထောင်တို့ကို ဒဏ်ခတ်လေ၏။ နံနက်စောစော ထချိန်ရောက်သော အခါ ထိုသူအပေါင်းတို့သည် အသေကောင်ဖြစ်ကြ၏။” (ဟေရှာယ ၃၇: ၃၆) **ကိုယ်တော်က “တန်တော့” ဟု ဆိုလျှင် ရုတ်တရက် နေမကောင်းဖြစ်စေသော ကပ်ဘေးမှ အသက်အရွယ်၊ ရာထူး၊ ဂုဏ်သြဇာအာဏာတို့သည် ကျွန်ုပ်တို့ကို မကယ်တင်နိုင်ပါ။**” 16MR pp 16.17

စစ်သားများ၏ ကြောက်လန့်ခြောက်ခြားမှုသည် သန့်ရှင်းသောကောင်းကင်တမန် ရှေ့တော်ရောက်နေသဖြင့် မိမိတို့ဆိုးယုတ်မှု အပြစ်များကို သိမြင်လာသော စိတ်ကြောင့်ဖြစ်သည်။ ကောင်းကင်တမန်အနေဖြင့် သူတို့ကို ရိုက်နှက်ရန်လည်း မလိုပါ။ သူတို့ရှေ့မှောက်တွင် ပေါ်လာရုံသာဖြစ်သည်။ သူတို့၏ အပြစ်များနှင့် အပြစ်ရှိသည့်ခံစားချက်သည် သူတို့ကို လောင်မြိုက်ကာ ထိတ်လန့်ခြောက်ခြားစေခြင်း ဖြစ်သည်။ ထိုကြောက်လန့်စိတ်သည် သူတို့ ကိုယ်ခံအားကို အားနည်းစေသဖြင့် တပ်တစ်တပ်လုံး၌ ကပ်ရောဂါပျံ့နှံ့လာပြီး သေဆုံးခဲ့ကြသည်။

ခရစ်တော်ဒုတိယအကြိမ်ကြွလာသည့်အခါတွင်လည်း ဆိုးယုတ်သူများကို ခရစ်တော်၏ ဘုန်းရောင်ခြည်တော်က ဖျက်ဆီးပစ်မည့်အကြောင်း ကျွန်ုပ်တို့သိကြသည်။ ဆိုလိုသည်မှာ ခရစ်တော်၏ ဘုန်းတော်သည် အပြစ်သားကို မခံသာအောင် နှိပ်စက်ညှဉ်းဆဲခံရသည့် ခံစားချက်ဖြစ်စေနိုင်သည်။ ထိုခံစားချက်သည် နောင်တမရခြင်း၏ အကျိုးဆက်ဖြစ်သည်။ ကြောက်ရွံ့မှုသည် နှလုံးကို ကမောက်ကမဖြစ်စေသည်။ ထိုဖြစ်စဉ်အကြောင်း ကျမ်းပယ်တစ်ကျမ်းဖြစ်သော Esdras ဒုတိယစောင်တွင် မှတ်တမ်းတင်ထားပါသည်။ ထိုကျမ်းကို သတ္တမနေ့ဥပုသ်မြော်လင့်ခြင်းအသင်းတော်၏ ရှေးဦးခေါင်းဆောင်များက ကိုးကားတတ်ကြပြီး အယ်လင်

ဝှိုက်ကလည်း နောက်ဆုံးသောကာလတွင် နားလည်ထားသင့်သောကျမ်းအဖြစ်ပြောခဲ့သည်။ 15 MR 66 ကိုဖတ်ပါ။

2 Esdras 13; 10: 11 "သူ့ပါးစပ်ကို မီးလျှံကဲ့သို့လည်းကောင်း၊ နှုတ်ခမ်းတို့ကို တောက်လောင်သောမီးလေကဲ့သို့လည်းကောင်း လျှာကို မီးပွင့်နှင့် မိုးသက်မုန်တိုင်းကဲ့သို့လည်းကောင်း စေလွှတ်သည်ကို ငါမြင်၏။ မီးလျှံ၊ မီးတောက်၊ မီးပွင့်နှင့် ကြီးမားသော မိုးသက်မုန်တိုင်းတို့အားလုံး ရောနှောသွားကာ တိုက်ခိုက်ရန် အသင့်ပြင်နေသော လူအပေါင်းအပေါ် အရှိန်အဟုန်နှင့် ကျရောက်သွားလေ၏။ မရေတွက်နိုင်အောင်များပြားသော လူအုပ်ကြီးသည် မြင်နိုင်စရာမကျန်လောက်အောင် လောင်ကျွမ်းလေရာ ပြာနှင့်မီးခိုးအနံ့အသက်တို့သာ ကျန်ရစ်လေ၏။ ထိုအချင်းအရာကို မြင်သောအခါ ငါသည် ကြောက်ရွံ့တုန်လှုပ်ခဲ့သည်။

2 Esdras 13: 15 အိပ်မက်အနက်ကို ယခုငါ့ကိုဖော်ပြတော်မူ၏။

2 Esdras 13: 34-38 "သင်မြင်ရသည့်အတိုင်း မရေတွက်နိုင်အောင် များပြားသောလူအုပ်ကြီးသည် စုရုံး၍ သူ့ကိုတိုက်ခိုက်အနိုင်ယူရန် လာကြလိမ့်မည်။ သို့သော်သူသည် ဇိအုန်တောင်ပေါ်မှာ ရပ်နေလိမ့်မည်။ သင်မြင်ရသည့်အတိုင်း လူလက်ဖြင့်မတည်သောတောင်တော်သည် လူအပေါင်းရှေ့တွင် ထင်ရှားလိမ့်မည်။ ငါ့သားသည်၊ တိုင်းနိုင်ငံများ၏ ဆိုးသောတီထွင်ချက်များကို အပြစ်တင်လိမ့်မည်။ အကြောင်းမှာ သူတို့၏ ဆိုးသောအသက်တာသည် မိုးသက်မုန်တိုင်းထဲသို့ ကျလေပြီ။ သူတို့၏ ဆိုးညစ်သောအတွေးတို့ကို သူတို့ရှေ့တွင် ငါချထားမည်။ သူတို့ပြုသော မီးတောက်ညှင်းဆဲခြင်းအားဖြင့် သူတို့ညှင်းဆဲခံရလိမ့်မည်။ ငါ့အပေါ် ပညတ်တရားမဲ့ပြုခဲ့သကဲ့သို့ သူတို့ကို ငါဖျက်ဆီးမည်။"

အာရှုရိတို့ကို ဘုရားသခင့်ကောင်းကင်တမန်များ ဒဏ်ခတ်ခြင်းဆိုသည်မှာ သူတို့အပြစ်ကိုထင်ရှားစေသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရည်ညွှန်းနေပါသည်။ အပြစ်ရှိစိတ်သည် သူတိုအပေါ် မိုးသက်မုန်တိုင်းကဲ့သိုကျရောက်ကာ နောင်တမရလိုသော စိတ်ထားသည် သူတို့ကို နာကျင်စေခဲ့ပါသည်။

"ပူအားကြီးသောအရှိန်ဖြင့် လူတို့သည် လောင်ခြင်းကိုခံရ၍၊ ထိုဘေးဒဏ်တို့ကို အစိုးပိုင်တော်မူသောဘုရားသခင်၏နာမတော်ကို ကျိန်ဆဲကြ၏။ ဘုရားသခင်ကို ချီးမွမ်းခြင်းအလို့ငှါ နောင်တမရကြ။ ပဉ္စမကောင်းကင်တမန်သည် မိမိဖလားကို သားရဲ၏ ပလ္လင်ပေါ်သို့ သွန်းလောင်းလျှင်၊ သူ၏နိုင်ငံသည် မှောင်မိုက်အတိဖြစ်လေ၏။ နိုင်ငံသားတို့သည် ပင်ပန်းအားကြီးသည်နှင့် မိမိတို့လျှာကို ကိုက်ခဲကြ၏။ မိမိတို့ခံရသော ဝေဒနာနှင့် အနာစိမ်းများကြောင့် ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင်ကို ကျိန်ဆဲကြ၏။ မိမိတို့အကျင့်ကိုလည်း နောင်တမရကြ။" ဗျာဒိတ် ၁၆း ၉-၁၁

သူတို့သည် ဘုရားသခင့် စာရိတ္တတော်ဖြစ်သော ပညတ်တရား၏ တရားစီရင်ခြင်းမဟုတ်ဘဲ ဖျက်ဆီးခံခဲ့ရသည်။ ထိုမီးသည် နာဒပ်နှင့်အဘိဟုတို့ကို လောင်ကျွမ်းခဲ့သော ဗိမာန်တော်မှ လာသော မီးပင်မဟုတ်လား။ မီးသည် သူတို့ကိုလောင်ကျွမ်းခဲ့သော်လည်း အလောင်းကို အဝတ်ပါလျက် သယ်ခဲ့ကြကြောင်း သိရသည်။

"ထိုအခါ ထာဝရဘုရားထံတော်မှ မီးထွက်၍၊ သူတို့ကို လောင်သဖြင့် ရှေ့တော်၌ သေကြ၏။ ထိုအခါ၊ မောရှေသည် အာရုန်ကိုခေါ်၍၊ ထာဝရဘုရားက၊ ငါသည် သန့်ရှင်းခြင်းရှိသည်ဟု ငါ့ထံသို့ ချဉ်းကပ်သူတို့သည် မှတ်ရမည်။ လူအပေါင်းတို့သည် ငါ့ဘုန်းကို ချီးမြှင့်ရကြမည်ဟု မိန့်တော်မူရာ၌၊ ထိုသို့သော အမှုကို ရည်ဆောင်၍ မိန့်တော်မူသည်ဟု ဆိုလျှင်၊ အာရုန်သည် တိတ်ဆိတ်စွာ နေလေ၏။ မောရှေသည် အာရုန်၏ ဘထွေး ဩဇေလသားမိရှေလနှင့် ဧလဇာဖန်ကိုခေါ်၍၊ လာကြ။ သင်တို့ ပေါက်ဘော်တို့ကို သန့်ရှင်းရာဌာနတော်က၊ တပ်ပြင်သို့ ယူသွားကြလော့ဟု ဆိုသည်အတိုင်း၊ **သူတို့သည် လာ၍ အင်္ကျီဝတ် လျက်ရှိသောအသေကောင်ကို တပ်ပြင်သို့ယူသွားကြ၏။**" ဝတ်ပြုရာ ၁၀: ၂-၅

ထိုဒဏ်ခတ်ခြင်းသည် အပြစ်ကိုသိမြင်စေသဖြင့် ခံစားရသော စိတ်ဝေဒနာဖြစ်ကြောင်းကို ကျွန်ုပ်တို့သိနိုင်သော အခြားအချက်တစ်ခုမှာ အောက်ပါအသုံးနှုန်းများကြောင့် ဖြစ်ပါသည်။

"ထိုသို့ ရှောလု၏ အင်္ကျီကို လှီးဖြတ် **မိသောကြောင့်၊ ဒါဝိဒ်သည် နောက်တဖန် နောင်တရ၍၊**" ၁ဓမ္မရာဇဝင် ၂၄း ၅ (ဒါဝိဒ် စိတ်နှလုံး နောင်တရကြောင်း စကားလုံးကို ကောင်း

ကင်တမန်များ ဒဏ်ခတ်သည့်အခါသုံးသော “smite” [H5221] ကို အသုံးပြုထား ကြောင်း တွေ့ရသည်။)

“ဒါဝိဒ်သည် လူတို့ကို ရေတွက်ပြီးမှ နောင်တရ၍ (David’s heart smote)၊ [H5221] အကျွန်ုပ်ပြုမိသောအမှု၌ အလွန်ပြစ်မှားပါပြီ။ အိုထာဝရဘုရား၊ ကိုယ်တော်ကျွန်၏ အပြစ်ကို ဖြေရှင်းတော်မူပါ။ အကျွန်ုပ်သည် အလွန်မိုက်သောအမှုကို ပြုမိပါပြီဟု ထာဝရဘုရားအား တောင်းပန်လေ၏။” ၂ဓမ္မရာဇဝင် ၂၄း ၁၀

၂ရာချုပ် ၁၉း ၃၅တွင်လည်း ထိုအသုံးနှုန်းကိုပင် အသုံးပြုထားကြောင်း တွေ့ရသည်။

“ထိုညဥ့်တွင် ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထွက်၍ အာရှုရိတပ်တွင် လူတ သိန်း ရှစ်သောင်းငါးထောင်တို့ကို ဒဏ်ခတ်(smote [H5221] )လေ၏။ နံနက် စောစော ထချိန် ရောက်သောအခါ၊ ထိုသူအပေါင်းတို့သည် အသေကောင်ဖြစ်ကြ၏။”

ထို့ကြောင့် “smite” ”ဒဏ်ခတ်” ဟူသောစကားလုံးသည် အပြစ်ရှိစိတ်ကြောင့် တောက် လောင်သော စိတ်ဝေဒနာ ဖြစ်ကြောင်းသိနိုင်ပါသည်။

## ဟေရုဒ်မင်း၏ သေဆုံးခြင်း

“ထိုမင်းကြီးသည် ဘုရားသခင်၏ ဂုဏ်အသရေတော်ကို မထောက်ထားသောကြောင့်၊ ထိုခဏခြင်းတွင် ထာဝရဘုရား၏ ကောင်းကင်တမန်သည် ဒဏ်ခတ်၍၊ ကိုယ်တွင်း၌ ပိုးများကိုက်သဖြင့် အနိစ္စရောက်လေ၏။” တမန်တော်ဝတ္ထု ၁၂း ၂၃

“ပေတရုကို ထောင်ထဲမှ ကယ်တင်ခဲ့သောကောင်းကင်တမန်သည် ဟေရုဒ်ကို တရားစီ ရင်သည့် အမျက်ဒေါသ၏ ကောင်းကင်တမန်ဖြစ်သည်။ သူသည် အိပ်ပျော်နေသောပေ တရုကို ပုတ်၍ နှိုးခဲ့သည်။ သို့သော် ဆိုးယုတ်သော ရှင်ဘုရင်ကိုမူ အခြားသောရိုက်ပုတ် မှုဖြင့်(smote) ဒဏ်ခတ်ခဲ့သည်။ ရှင်ဘုရင်၏ မာန်မာနကို နိမ့်ချကာ၊ အမြင့်ဆုံးသော ဘု ရား၏ အပြစ်ဒဏ်ကို သူ့အပေါ် သက်ရောက်စေခဲ့သည်။ **ဟေရုဒ်မင်းသည် ဘုရားသခင်**

**၏ ကလဲ့စားချေတရားစီရင်ခြင်းအောက်၌ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်သည် ဝေဒနာပြင်းစွာခံရကာ ကွယ်လွန်ခဲ့သည်။**" AA 152. 1

အထက်ပါ ဥပမာများအတိုင်း စဉ်းစားကြည့်လျှင် ဤပုံပြင်သည် ရှင်းပြရ လွယ်ကူပါသည်။ ဟေရုဒ်မင်းသည် ပညတ်တော်ကို ချိုးဖောက်ကာ ထာဝရပဋိညာဉ်ကို ဖောက်ဖျက်ခဲ့သည်။ နောင်တရစေရန် နှုတ်ကပတ်တော်သည် သူ့အပြစ်ကိုဖော်ပြ၍ သိစေခဲ့သော်လည်း သူသည် နောင်တရရန် ငြင်းဆိုခဲ့သည်။ ထို့ကြောင့် စာတန်သည်အခွင့်ရလာသဖြင့် ရောဂါရစေ၍ သူ့အသက်ကိုနုတ်ယူခဲ့သည်။

"**စာတန်**သည် မိမိတန်ခိုးကို အသုံးပြုနေ၏။ သူသည် ဝင်းမှည့်နေသောစပါးများကို ဖျက်ဆီးပစ်သဖြင့် ငတ်မွတ်ခေါင်းပါးမှုနှင့် ဘေးဒုက္ခများက လိုက်လာကြသည်။ **လေထုထဲတွင် သေစေတတ်သောရောဂါကို စေလွှတ်သဖြင့် အထောင်အသောင်းသောလူတို့သည် ကပ်ဘေးကြောင့် သေကြေကြ၏။** ထိုကဲ့သို့သော သူ့အပြုအမူများ တစ်စတစ်စပိုမိုပြင်းထန်လာကာ အကြိမ်ရေစိတ်လာ၏။ ပျက်စီးခြင်းသည် လူသားနှင့် သားရဲအပေါ် ကျရောက်လိမ့်မည်။ "ပြည်တော်သည် ငြိုငြင် ညှိုးငယ်ခြင်းရှိ၏။ လောကသည် အားလျော့၍ ညှိုးငယ်ခြင်းရှိ၏။ ဘုန်းကြီးသော ပြည်သားတို့သည် အားလျော့ကြ၏။ ပြည်သားတို့သည် **တရားတော်ကို လွန်ကျူးခြင်း၊ အမိန့်တော်ကို ပြောင်းလဲခြင်း၊ ထာဝရသစ္စာတော်ကို ဖျက်ခြင်းအကြောင်း**ကြောင့်၊ ပြည်တော်သည် ညစ်ညူးခြင်းရှိ ၏။" ဆာလံ ၂၄း ၄-၅ (GC 589.3)

ဟေရုဒ်အသက်ကို ရန်သူ့လက်ထဲ အပ်နှံရသည့်အကြောင်းရင်းမှာ သူသည် ထာဝရပဋိညာဉ်ကို ချိုးဖောက်သောကြောင့်ဖြစ်သည်။

"ငါသည် ပဋိညာဉ်အလျောက် လက်တုံ့ပြန်သောဓားကို သင်တို့အပေါ် ကျရောက်စေမည်။ သင်တို့သည် သင်တို့၏မြို့များထဲ၌ စုဝေးကြသောအခါ **သင်တို့အလယ်သို့ ကပ်ရောဂါဘေးကို ငါစေလွှတ်မည်။ သင်တို့သည် ရန်သူ၏လက်သို့ အပ်နှံခြင်းခံရလိမ့်မည်။**" ဝတ်ပြုရာ ၂၆း ၂၅

ခရစ်တော်သည် ဟေရုဒ်အပေါ် သူ၏နှုတ်ကပတ်တော်ဓားကို ကျရောက်စေသည်။ ဟေရုဒ်သည် နောင်တမရလိုသောကြောင့် သူ့အသက်ကို ရန်သူလက်သို့ အပ်လိုက်၏။ ရန်သူသည် သူ့ကို ရောဂါစွဲကပ်စေ၏။ ဟေရုဒ်နှင့် ပေတရု၏အဖြစ်အပျက် ဘယ်လိုခြားနားမှုရှိသလဲ။ ပေတရု၏ ဩတ္တပစိတ် ကြည်လင်၏။ ဟေရုဒ်သည် မိမိအပြစ်ကို လက်မခံ။ ကောင်းကင်တမန်ရှေ့ ပေတရုနိုးထသောအခါ သူ၌ ကြောက်ရွံ့စိတ်မရှိ။ ဟေရုဒ်၏အတွေ့ကြုံမှာ လုံးလုံးဆန့်ကျင်ဘက်ဖြစ်နေသည်။ ဟေရုဒ်အတွက်လည်း မိုးချုန်းခဲ့သည်။

> "အိုအဖ၊ ကိုယ်တော်၏ နာမတော်အား ဘုန်းတော်ထင်ရှားစေတော်မူပါ။" ဟု မြွက်ဆိုတော်မူ၏။ ထိုအခါ "ငါသည် ဘုန်းတော်ထင်ရှားစေခဲ့ပြီ။ နောက်တစ်ဖန်လည်း ထင်ရှားစေဦးမည်" ဟု ကောင်းကင်မှ အသံတော်လာ၏။ အနီးနား၌ ရပ်နေ၍ **ထိုအသံကိုကြားကြသော လူထုပရိသတ်တို့က "မိုးချုန်းသည်" ဟု ဆိုကြ၏။ အခြားသောသူတို့ကမူ "ကောင်းကင်တမန်က သူ့ကိုမြွက်ဆိုသည်" ဟု ဆိုကြ၏**။" ယောဟန် ၁၂း ၂၈း ၂၉

အပြစ်ကိုသိမြင်စေသော အသံသည် သိမ်မွေ့သောအသံဖြစ်သော်လည်း ဟေရုဒ်အတွက် သေစေလောက်သော မိုးချုန်းသံကဲ့သို့ ဖြစ်သွားခဲ့သည်။ ဘုရားသခင်သည် ဟေရုဒ်ကို သေဒဏ်ပေးခဲ့သည်ဟု ယုံကြည်သူများအဖို့ ကျွန်ုပ်တို့ လိုက်လျှောက်ရမည့်ပုံသက်သေဖြစ်သော ခရစ်တော်၏ စာရိတ္တပုံရိပ်ကို စောင့်ထိန်းနိုင်ရန် အခြားကျမ်းချက်များနှင့် သူတို့ယုံကြည်ချက် ညီညွတ်ကြောင်း သက်သေပြရန်လိုပါသည်။

> "အကြမ်းဖက်အပြုမူသည် ဘုရားသခင့်နိုင်ငံတော်၏ စည်းမျဉ်းများနှင့် ဆန့်ကျင်ပါသည်။ မေတ္တာတရားအပေါ် အခြေခံသည့် လုပ်ဆောင်မှုကိုသာ ကိုယ်တော်ရှင်အလိုရှိတော်မူ၏။ မေတ္တာသည် အမိန့်ပေး၍ ရယူနိုင်သောအရာ မဟုတ်။ မေတ္တာသည် အမိန့်အာဏာဖြင့်ဖြစ်စေ အကြမ်းဖက်၍ဖြစ်စေ ရယူနိုင်သော အရာမဟုတ်ပါ။ မေတ္တာကို မေတ္တာကသာ နှိုးထစေနိုင်သည်။" DA 22 ထာဝရလိုအင်သက်တော်စဉ် ၆

သမ္မာကျမ်းစာ၏အနက်ကို ရေးထားသည့်အတိုင်း၊ အရှိအတိုင်းအနက်မဖွင့်ဘဲ၊ စာရေးသူ၏ အတွေးခေါ်အတိုင်း တင်စားအနက်ဖြင့်ယူ၍ အနက်ဖွင့်ခြင်းဖြစ်သည်ဟု အချို့က စွပ်စွဲကြပါသည်။ ကျွန်တော့်အဖြေမှာ ကျွန်ုပ်တို့အတွက်ပေးထားသော ဝိညာဉ်တော်မှုတ်သွင်းသော

ကျမ်းစာအားလုံးကို အနက်ဖွင့်သည့်အခါ ခရစ်တော်၏အသက်တာအားဖြင့် ဖော်ပြခဲ့သော ဘုရားသခင့်စာရိတ္တနှင့် ကိုက်ညီမည့် ယုံကြည်ယူဆချက်ကို တည်ဆောက်ခြင်းဖြစ်ပါသည်။ ကျမ်းစာကို တိုက်ရိုက်အနက်ဖြင့်သာ အနက်ဖွင့်လိုသူများအနေဖြင့် ဘုရားသခင်သည် ရှောလု၌ဖြစ်သကဲ့သို့ လူများကို ညှင်းပန်းနှိပ်စက်ရန် မကောင်းသောဝိညာဉ်များကို စေလွှတ်သူ၊ ဆာလံ၇၈း ၄၉တွင် ဖော်ပြထားသည့်အတိုင်း ဆိုးသောကောင်းကင်တမန်များကို သူ့အတွက် အလုပ် လုပ်ရန်စေခိုင်းသူ၊ အာဟပ်မင်းသေစေရန် မုသားပြောသောစိတ်ဝိညာဉ်ကို စေလွှတ်သူဖြစ်ကြောင်း လက်ခံရမည်ဖြစ်သည်။(၃ဓမ္မရာဇဝင် ၂၂း ၂၂-၂၃) ထိုသို့သော ကျမ်းချက်များက ဘုရားသခင်သည် လူသားများ၏ စိတ်နှလုံးကို မာကြောစေ၍ ပြင်းထန်သော လှည့်စားမှုကို စေလွှတ်သူဖြစ်ကြောင်း ဖော်ပြနေသည်။ သို့ဖြစ်၍ စကားလုံးများကို တိုက်ရိုက်အနက်ဖြင့် ဖွင့်ဆိုခြင်းသည် သမ္မာကျမ်းစာကို ဖတ်ရန်အကောင်းဆုံးနည်းလမ်း ဖြစ်နိုင်ပါ့မလား။

ကောင်းကင်တမန်များ ဒဏ်ခတ်မှုကြောင့် သေဆုံးခြင်းဖြစ်လာတိုင်း ဘုရားသခင်၏ နှုတ်ကပတ်တော်သည် လူတို့အပြစ်ကိုဖော်ပြ၍ သိမြင်စေခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့သိနိုင်သည်။ အပြစ်ရှိကြောင်းသိသောစိတ်သည် မိမိစိတ်ကို သောကဝေဒနာမီးဖြင့် ပြင်းစွာညှင်းဆဲ၏။ ကပ်ရောဂါဖြစ်လာလျှင် နောင်တမရသူများကို ဘုရားသခင်၏ ဝိညာဉ်တော် စွန့်ခွာသဖြင့် ကွယ်ကာသောတန်ခိုးကို ရုတ်သိမ်းသည်ဖြစ်ရာ ဖျက်ဆီးသူသည် အခွင့်ရ၍ ဖြစ်စေသော သူ့လုပ်ဆောင်မှုဖြစ်ကြောင်း သိနိုင်သည်။ အပြစ်ကို အပြစ်ပေးသူသည် အပြစ်တရားပင်ဖြစ်သည်။ ဘုရားသခင်၏ ကောင်းကင်တမန်များသည် ယေရှု၏ ဝိညာဉ်တော်နှင့် ပြည့်ဝသူများဖြစ်သည်။ ခမည်းတော်၏ အမိန့်တော်ကို လိုက်လျှောက်သူများဖြစ်၍ သူတို့သည် တကယ့်ဓားအစစ်ကို တိုက်ခိုက်ရန်အသုံးပြုသူများ မဟုတ်ပါ။ သူတို့သည် ဘုရားသခင့်နှုတ်ကပတ်တော်အားဖြင့် အစွမ်းတန်ခိုးကြီးမားသူများဖြစ်၍ ယေရှု၏ ဖြောင့်မတ်ခြင်းတရား ပြည့်ဝသူများဖြစ်သည်။ သူတို့၏ စင်ကြယ်မှု၊ မေတ္တာစိတ်၊ သန့်ရှင်းမှုတို့သည် ဆိုးယုတ်သော အပြစ်သားများကို ကြောက်ရွံ့ခြောက်ခြားစေ၏။ သူတို့၏ အပြစ်ကင်းစင်ကြယ်မှုသည် မဖြောင့်မတ်သူများ၏ စိတ်နှလုံးကို ကြောက်လန့်တုန်လှုပ်စေ၏။ သန့်ရှင်းခြင်းသည် သူတို့တန်ခိုး၏ အရင်းမြစ်ဖြစ်သည်။ ဆိုးယုတ်သူများ၏ အကြမ်းဖက်အင်အားများကို ထိန်းချုပ်နိုင်သည့် အစွမ်းတန်ခိုး ပိုင်ဆိုင်ထားသူများဖြစ်သည်။

ကြားရသောအရာ၏ အနက်အဓိပ္ပာယ်နှင့် ကောင်းကင်တမန်လေးပါးတို့ လုပ်ဆောင်မည့်အရာအကြောင်း ကျွန်မဘေးရှိကောင်းကင်တမန်ကို မေးလျှောက်ခဲ့၏။ **ဘုရားသခင်သည် တန်ခိုးတို့ကို ထိန်းချုပ်သူဖြစ်ကြောင်း၊ ကမ္ဘာကြီး၏ ကိစ္စအရပ်ရပ်တို့အတွက် ကောင်းကင်တမန်တို့ကို တာဝန်ပေးထားကြောင်း၊ ကောင်းကင်တမန်လေးပါးတို့သည် ဘုရားသခင်ပေးသော တန်ခိုးဖြင့် အရပ်လေးမျက်နှာမှလေကို ထိန်းချုပ်ထားကြောင်း မကြာမီ လေတို့ကို မထိန်းချုပ်တော့ဘဲ လွှတ်ထားတော့မည်ဖြစ်ကြောင်း သူ ကျွန်မကို ပြောပြခဲ့သည်။** EW 38

သန့်ရှင်းသော ကောင်းကင်တမန်တို့သည် အစွမ်းတန်ခိုး ကြီးမားကြသည်။ ထိန်းချုပ်ထားသော မိမိတို့လက်ကို လွှတ်ရန် အမိန့်ပေးသောအခါ သူတို့သည် စာတန်၏ အကြမ်းဖက်သောမျက်ဒေါသကို ထိန်းချုပ်မထားတော့ဘဲ လွှတ်ထားကြတော့မည်ဖြစ်သည်။ မလွှတ်ချင်သော်လည်း အမိန့်ပေးသည့်အခါ သူတို့လွှတ်ထားရလိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏ သတိပေးချက်များကို ဂရုမထားဘဲ ပညတ်တော်ကို ဆက်တိုက်ချိုးဖောက်ခံရသည့်အခါ သူတို့ ထိန်းချုပ်ထားသော စာတန်၏အမျက်ဒေါသကို လွှတ်ထားလိမ့်မည်ဖြစ်သည်။ ကြာရှည်စွာ သည်းခံပြီးနောက် ဘုရားသခင့်ဝိညာဉ်တော်သည် အပြစ်သားအား သူခစားမည့် သခင်ကို ရွေးချယ်ခွင့် ပြုပေးလိုက်ရပါသည်။

## ကောင်းကင်တမန်များနှင့် ဆိုးသောတမန်များ၏ ဖျက်ဆီးခြင်းတန်ခိုး

ကျွန်တော်တို့ ဆင်ခြင်ရမည့် အဆိုပြုချက်တစ်ခုရှိပါသည်။

"ကောင်းကင်တမန်တစ်ပါးသည် အီဂျစ်ပြည်ရှိ သားဦးအားလုံးကို သတ်ဖြတ်ခဲ့သောကြောင့် တစ်တိုင်းပြည်လုံး ငိုကြွေးခြင်းနှင့်ပြည့်၏။ ဣသရေလတို့ကို ရေတွက်ခြင်းဖြင့် ဒါဝိဒ်မင်းသည် ဘုရားသခင်ကို ဆန့်ကျင်ဘက်ပြုသောအခါ အပြစ်ပေးသည့်အနေဖြင့် ကောင်းကင်တမန်တစ်ပါးသည် ကြောက်စရာဖျက်ဆီးမှုကို ပြုခဲ့သည်။ **သန့်ရှင်းသော ကောင်းကင်တမန်များ ဘုရားသခင့်အမိန့်တော်ဖြင့်ပြုသော ဖျက်ဆီးခြင်းတန်ခိုးကိုပင်**

ဆိုးသောတမန်တို့ကလည်း ဘုရားသခင့်ခွင့်ပြုချက်ဖြင့် အသုံးပြုနိုင်ကြသည်။ ဘုရားသခင် ခွင့်ပြုပါက နေရာတိုင်းကို ဆိတ်ညံရာအရပ်ဖြစ်စေခြင်းငှာ အသင့်စောင့်နေသော တန်ခိုးများရှိပါသည်။" GC 614.2

ဤစာကို သာမန်မျှ ဖတ်လိုက်ပါက သားဦးများကို သတ်ပစ်သောတမန်နှင့် ဣသရေလတို့ကို ရေတွက်သော ဒါဝိဒ်ကြောင့် ကျရောက်သော ဖျက်ဆီးခြင်းကို ပြုသောတမန်သည် သန့်ရှင်းသော ကောင်းကင်တမန်ဖြစ်ဟန် တူပါသည်။ သေသေချာချာဖတ်ပါက ခြားနားချက်ကို တွေ့နိုင်ပါသည်။

စာပိုဒ်တည်ဆောက်ပုံကို သတိပြုကြည့်လျှင် ဖျက်ဆီးခြင်းနှစ်မျိုးအကြောင်း တွေ့ရသည်။

၁။ အီဂျစ်ပြည်တွင် သားဦးသေဆုံးခြင်း

၂။ ဒါဝိဒ်အပြစ်ကြောင့် ဣသရေလတို့၏ ပျက်စီးခြင်း

ထို့နောက် ဖျက်ဆီးခြင်းတန်ခိုးအကြောင်း ရေးထားသည်။ **သန့်ရှင်းသော ကောင်းကင်တမန်များ ဘုရားသခင့် အမိန့်တော်ဖြင့်ပြုသော ဖျက်ဆီးခြင်းတန်ခိုးကိုပင်** ဆိုးသောတမန်တို့ကလည်း ဘုရားသခင်၏ ခွင့်ပြုချက်ဖြင့် အသုံးပြုနိုင်ကြသည်။ ထိုဖျက်ဆီးခြင်းနှစ်မျိုးသည် ကောင်းကင်တမန်များလုပ်ဆောင်သောအရာဖြစ်သည်ဟုစွပ်စွဲလိုလျှင် စာအသွားအလာကို ပြောင်းပြန်စီရန်လိုပါလိမ့်မည်။ အောက်ပါအတိုင်း ဖြစ်လာလိမ့်မည်။

"ကောင်းကင်တမန်တစ်ပါးသည် အီဂျစ်ပြည်ရှိ သားဦးအားလုံးကို သတ်ဖြတ်ခဲ့သောကြောင့် တစ်တိုင်းပြည်လုံး ငိုကြွေးခြင်းနှင့်ပြည့်၏။ ဣသရေလတို့ကို ရေတွက်ခြင်းဖြင့် ဒါဝိဒ်မင်းသည် ဘုရားသခင်ကို ဆန့်ကျင်ဘက်ပြုသောအခါ အပြစ်ပေးသည့်အနေဖြင့် ကောင်းကင်တမန်တစ်ပါးသည် ကြောက်စရာဖျက်ဆီးမှုကို ပြုခဲ့သည်။ ဘုရားသခင်၏ ခွင့်ပြုချက်ဖြင့် ဆိုးသောတမန်များ အသုံးပြုသော ဖျက်ဆီးခြင်းတန်ခိုးအတိုင်း **ဘုရားသခင် အမိန့်ပေးပါက ကောင်းကင်တမန်များလည်း အသုံးပြုကြလိမ့်မည်**။ ဘုရားသခင် ခွင့်ပြုပါက နေရာတိုင်းကို ဆိတ်ညံရာအရပ်ဖြစ်စေခြင်းငှာ အသင့်စောင့်နေသော တန်ခိုးများရှိပါသည်။" GC 614.2

ဆိုးသောတမန်များ၏ ဖျက်ဆီးခြင်းတန်ခိုးအကြောင်း ရှင်းပြရန် ကောင်းကင်တမန်များ၏ တန်ခိုးအကြောင်း အစချီ၍ ဝါကျရေးသားသည့် အချက်သည် အလွန်အရေးကြီးသော အချက်ဖြစ်ပါသည်။

## ကျိုးကြောင်းဆင်ခြင်၍ ဖတ်ရှုခြင်း

အောက်ပါစာပိုဒ်ကို အထက်ပါက ပြထားသောစာပိုဒ်နှင့်ဆက်စပ် ဖတ်ရှုလျှင် လုံးလုံးအဓိပ္ပာယ် ပြည့်ဝသွားကြောင်း တွေ့ရသည်။

> "**ဗိမာန်တော်မှ ခရစ်တော်ထွက်လာသည့်အခါ** ကမ္ဘာကြီးရှိ သက်ရှိများကို အမှောင်းဖုံးလွှမ်းသွား၏။ ကြောက်စရာကောင်းသော ထိုအချိန်နာရီတွင် ဖြောင့်မတ်သောသူသည် သန့်ရှင်းသော ဘုရားသခင့်ရှေ့မှောက်တွင် ကြားဖြန်ဖြေသူမပါဘဲ ရှင်သန်ရလိမ့်မည်။ **ဆိုးယုတ်သူများကို ထိန်းချုပ်ထားသော တန်ခိုးတော်ကို ရုတ်သိမ်းသောအခါ စာတန်သည် မိမိအမျက်ဒေါသကို အပြည့်အဝအသုံးပြုခွင့် ရရှိလိမ့်မည်။** ဘုရားသခင်၏ စိတ်ရှည်သည်းခံခြင်းသည် အဆုံးသို့ရောက်လေပြီ။ ကမ္ဘာကြီးသည် ဘုရားသခင့် ကရုဏာတော်ကို ငြင်းပယ်၍ မေတ္တာတော်ကို အလေးမထားဘဲ ပညတ်တော်ကို ချိုးဖောက်ကြလေပြီ။ ဆိုးယုတ်သူတို့သည် ကရုဏာတံခါးကို ကျော်လွန်ကြလေပြီ။ **မဆုတ်မနစ် ခုခံပေးခဲ့သော ဘုရားသခင်၏ ဝိညာဉ်တော်ကို ရုတ်သိမ်းပြီဖြစ်သောကြောင့်၊ ဘုရားသခင့် ကရုဏာတော်၏ ကွယ်ကာပေးမှု မရှိတော့သောကြောင့် ဆိုးသွမ်းသူ၏လက်မှ သူတို့ကို ကာကွယ်မည့်အရာ မရှိတော့ချေ။** စာတန်သည် ကမ္ဘာသူ၊ ကမ္ဘာသားများကို ကြီးစွာသော နောက်ဆုံးဘေးဒုက္ခ၌ ကျရောက်စေလိမ့်မည်။ **ဘုရားသခင့် ကောင်းကင်တမန်တို့သည် လူသားတို့၏ ဇာတိပကတိအလိုဆန္ဒများကို ထိန်းချုပ်မထားတော့သောကြောင့် အမျိုးမျိုးသော တိုက်ပွဲများ ဖြစ်ပွားလိမ့်မည်။** ရှေးယေရုရှလင်မြို့၌ ဖြစ်ခဲ့ဖူးသည်ထက် ပိုမိုတုန်လှုပ်ခြောက်ခြားစရာကောင်းသော ပျက်စီးခြင်းဖြင့် ကမ္ဘာကြီးတစ်ခုလုံး ပျက်စီးသွားလိမ့်မည်။" GC 614.1

ကောင်းကင်တမန်တစ်ပါးသည် အီဂျစ်ပြည်ရှိ သားဦးအားလုံးကို သတ်ဖြတ်ခဲ့သော ကြောင့် တစ်တိုင်းပြည်လုံး ငိုကြွေးခြင်းနှင့်ပြည့်၏။ ဣသရေလတို့ကို ရေတွက်ခြင်းဖြင့် ဒါဝိဒ်မင်းသည် ဘုရားသခင်ကို ဆန့်ကျင်ဘက်ပြုသောအခါ အပြစ်ပေးသည့်အနေဖြင့် ကောင်းကင်တမန်တစ်ပါးသည် ကြောက်စရာဖျက်ဆီးမှုကို ပြုခဲ့သည်။ **သန့်ရှင်းသော ကောင်းကင်တမန်များ ဘုရားသခင့်အမိန့်တော်ဖြင့်ပြုသော ဖျက်ဆီးခြင်းတန်ခိုးကိုပင်** ဆိုးသောတမန်တို့ကလည်း ဘုရားသခင်၏ ခွင့်ပြုချက်ဖြင့် အသုံးပြုနိုင်ကြသည်။ ဘုရားသခင် ခွင့်ပြုပါက နေရာတိုင်းကို ဆိတ်ညံရာအရပ်ဖြစ်စေခြင်းငှာ အသင့်စောင့်နေသော တန်ခိုးများရှိပါသည်။" GC 614.2

အရင်စာပိုဒ်က အယ်လင်ဝှိုက်တင်ပြလိုသော အကြောင်းအရာအကြောင်း ရှင်းလင်းစေပါသည်။

၁။ ဗိမာန်တော်မှ ခရစ်တော်ထွက်လာသောအခါ

၂။ ဆိုးယုတ်သူများကို ထိန်ချုပ်ထားသည့်တန်ခိုးကို ရုတ်သိမ်းသဖြင့် စာတန်သည် အပြည့်အဝ ခြယ်လှယ်ခွင့်ရရှိသွားသည်။

၃။ မဆုတ်မနစ် ခုခံပေးသော ဘုရားသခင်၏ဝိညာဉ်တော်ကို အဆုံးတွင် ရုတ်သိမ်းလိုက်သည်။

၄။ ဘုရားသခင့် ကရုဏာတော်၏ ကွယ်ကာပေးမှုမရှိတော့သောကြောင့် ယုတ်မာကောက်ကျစ်သူ၏ လက်မှ လူသားများကို ကာကွယ်ပေးမည့်သူ မရှိတော့။

၅။ ဘုရားသခင့် ကောင်းကင်တမန်တို့သည် လူသားတို့၏ ဇာတိပကတိအလိုဆန္ဒများကို ထိန်းချုပ်မထားတော့သောကြောင့် အမျိုးမျိုးသော တိုက်ပွဲများ ဖြစ်ပွားလိမ့်မည်။

စာပိုဒ်တစ်ခုလုံး တင်ပြလိုသောအရာသည် ဘုရားသခင်၏ ကွယ်ကာပေးသော တန်ခိုးကို ရုတ်သိမ်းခြင်းနှင့် စာတန်၏ဖျက်ဆီးခြင်းအလုပ်ကို အခွင့်ပေးသည့် အကြောင်းဖြစ်သည်။ ထို့ကြောင့် GC 614.1 သည် နားမထောင်လိုသူများအပေါ် စာတန်ကို ဖျက်ဆီးခွင့်ပြုသည့်

အကြောင်းဖြစ်သည်။ ထို့ကြောင့် GC 614.2 ရှိ နောက်ဥပမာနှစ်ခု ကိုဖတ်လျှင် ဖျက်ဆီးသူသည် စာတန်နှင့် သူ့တမန်များဖြစ်ကြောင်း ထင်ရှားပါသည်။

> “ကောင်းကင်တမန်တစ်ပါးသည် အီဂျစ်ပြည်ရှိ သားဦးအားလုံးကို သတ်ဖြတ်ခဲ့သောကြောင့် တစ်တိုင်းပြည်လုံး ငိုကြွေးခြင်းနှင့်ပြည့်၏။ ဣသရေလတို့ကို ရေတွက်ခြင်းဖြင့် ဒါဝိဒ်သည် ဘုရားသခင်ကို ဆန့်ကျင်ဘက်ပြုသောအခါ အပြစ်ပေးသည့်အနေဖြင့် ကောင်းကင်တမန်တစ်ပါးသည် ကြောက်စရာဖျက်ဆီးမှုကို ပြုခဲ့သည်။” GC 614.2

အကယ်၍ သားဦးသတ်သော ကောင်းကင်တမန်နှင့် ဒါဝိဒ်အပြစ်ကြောင့် ဣသရေလတို့ကို သတ်သောတမန်သည် ဘုရားသခင်၏ သန့်ရှင်းသော ကောင်းကင်တမန်ဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆမည်ဆိုလျှင် နောက်ဆုံးဝါကျသည် အဆက်စပ်မရှိတော့ပေ။

> ဘုရားသခင်ခွင့်ပြုပါက နေရာတိုင်းကို ဆိတ်ညံရာအရပ်ဖြစ် စေခြင်းငှာ အသင့်စောင့်နေသော တန်ခိုးများရှိပါသည်။” GC 614.2

“ဘုရားသခင်ခွင့်ပြုပါက” ဟူသောစကားစုသည် “ဘုရားသခင်၏ ခွင့်ပြုချက်ဖြင့် ဆိုးသောတမန်တို့၏ ဖျက်ဆီးခြင်း”နှင့် ထပ်တူကျသည်။ ထိုအချက်က ဘုရားစကားကို နားမထောင်လိုသော လူများအပေါ် ကျရောက်သည့် ဖျက်ဆီးမှုသည် ဆိုးသောတမန်တို့၏ လက်ချက်ဖြစ်ကြောင်း ထင်ရှားစေပါသည်။

## အဲဂုတ္တုပြည်တွင် သားဦးအပေါင်းကို သတ်ခဲ့သော ဖျက်ဆီးသူ စာတန်

အီဂျစ်ပြည်၏ သားဦးအပေါင်းကို မည်သူသတ်ခဲ့ကြောင်း ကိုးကာချက်ရှိပါသည်။

> “အီဂျစ်ပြည်တွင် သားဦးအပေါင်း အသတ်မခံရမီ ဘုရားသခင်သည် ဣသရေလတို့အား မိမိတို့၏ သားသမီးများကို အိမ်ထဲတွင်စုရုံးထား၍ အိမ်တံခါးထုပ်နှင့် တံခါးတိုင်နှစ်တိုင်ပေါ် သွေးသုတ်လိမ်ထားရန် မှာကြားခဲ့သည်။ ဖျက်ဆီးသောကောင်းကင်တမန်

သည် ပြည်တော်၌ လာသောအခါ ထိုအိမ်များကို ခရစ်တော်၏ နောက်လိုက်များနေသောအိမ်ကြောင်း သတိပြုမိ၍ မဝင်ဘဲ ကျော်သွားစေရန်ဖြစ်သည်။

ယနေ့တွင်လည်း ကျွန်ုပ်တို့၏သား၊ သမီးများကို **ဆိုးယုတ်ကောက်ကျစ်သူ**၏ ဖျက်ဆီးခြင်းတန်ခိုးမှ ကယ်တင်နိုင်ရန် ကျွန်ုပ်တို့အနားတွင် စုရုံးထားရန်လိုပါသည်။ ကမ္ဘာအဆုံးမဖြစ်မီတိုင်အောင် စာတန်နှင့် ခရစ်တော်၏ တိုက်ပွဲသည် ပိုပိုပြင်းထန်လာပါလိမ့်မည်။ ကျွန်ုပ်တို့ရှေ့တွင် ရှိနေသော ဘေးအန္တရာယ်ကို လုံခြုံစွာ ကျော်လွှားနိုင်ရန် ခရစ်တော်၏ အသွေးတော်ကို ကျွန်ုပ်တို့ ယုံကြည်ကြရမည်ဖြစ်သည်။ 2SAT 199

ယေရှုသည် တံခါးကိုခေါက်လျက်နေ၏။ သူဝင်လာရန် သင် တံခါးဖွင့်ပေးမလား။ **ဖျက်ဆီးသော ကောင်းကင်တမန်များ၏ တန်ခိုးအောက်၌ သင့်ကိုကျရောက်စေသော ခပ်သိမ်းသောအပြစ်တရားမှ ကယ်ချွတ်သောအသွေးတော်ကို သင့်အိမ်တံခါးထုပ်ပေါ်တွင် သုတ်လိမ်းပေးရန် သင်သည် သူ့ကို ခေါ်ဖိတ်မည်လော။** "သူသည် ရုပ်တုတို့၌ စွဲကပ်လျက်ရှိ၏။" စောင့်ရှောက်သော ကောင်းကင်တမန်အား "ရှိစေတော့" (ဟောရှေ ၄း ၁၇) "ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား၊ အလိုမရှိ" (မဿဲ ၂၃း ၃၇) တံခါးဖွင့်သောသူများထံ ယေရှုဝင်လာ၍ သူတို့နှင့်အတူ စိုးစံလိမ့်မည်။ "ထာဝရဘုရားကောင်းချီးပေးတော်မူသောသူ၊ ဝင်လာပါ။ အဘယ့်ကြောင့် အပြင်၌ရပ်နေသနည်း" ဟု ခေါ်ဖိတ်ပါ။ (ကမ္ဘာဦး ၂၄း ၃၂) (Lt 30a, 1892.29)

သန့်ရှင်းသော ကောင်းကင်တမန်များသည် မည်ကဲ့သို့သော ဖျက်ဆီးခြင်းတန်ခိုးကို အသုံးပြုကြသနည်း။ ယေရှု ဗိမာန်တော်ကို သန့်စင်ခဲ့သောပုံပြင်တွင် ကျွန်ုပ်တို့သတိပြုမိပြီးသည့်အတိုင်း ယေရှုသည် သက်မဲ့အရာများအပေါ် အင်အားသုံး ဖျက်ဆီးခဲ့ပါသည်။

"လူသားတို့သည် သန်းချီကုန်ကျသော စျေးကြီးသော အဆောက်အအုံများ ဆက်လက်တည်ဆောက်ကြလိမ့်မည်။ သူတို့တည်ဆောက်သော ဗိသုကာအလှတရားကို လူများစိတ်ဝင်စားကြလိမ့်မည်။ ခိုင်ခံ့မြဲမြံစွာ တည်ဆောက်ကြလိမ့်မည်။ မည်သို့ပင် စျေးကြီးကုန်ကျကာ ခိုင်ခံ့စွာအလှဆင်ထားကြစေကာမူ ထိုအဆောက်အဦးအားလုံးသည် ရှေး

ယေရုရှလင်မြို့တော်၏ ဗိမာန်တော်ကဲ့သို့ အဆုံးသတ်ရလိမ့်မည်ဖြစ်ကြောင်း ကျွန်မကို ကိုယ်တော် သင်ပြခဲ့သည်။ ကြီးကျယ်ခမ်းနားမှုတို့ ပျောက်ဆုံးလိမ့်မည်။ ဘုရားသခင်သည် ကောင်းကင်တမန်တို့ကို စေလွှတ်၍ ဖြိုချမခံရဘဲ ကျောက်တုံးတစ်တုံးအပေါ်အခြားကျောက်တုံးတစ်တုံးမျှ မတည်မနေရလေအောင် ဖျက်ဆီးစေလိမ့်မည်။ (MS 35, 1906) 5BC 1098

ယေရိခေါမြို့ဖြိုချခံခဲ့ရစဉ်က အဘယ်သူမျှမြို့ရိုးကို လက်ဖြင့်မထိခဲ့ရချေ။ **ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် မြို့ရိုးတို့ကို ဖြိုဖျက်သဖြင့်** ရန်သူတို့၏ ခံတပ်ထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ကြသည်။ RH July 19, 1892

ယောနသန်နှင့် သူ့အဖော်ကို ကောင်းကင်တမန်မည်သို့ ကူညီခဲ့ကြောင်း ဖတ်ကြည့်ပါ။

"**ကောင်းကင်တမန်တို့သည် ယောနသန်နှင့် သူ့အစောင့်ကို ကာကွယ်ပေးခဲ့ကြသည်။** ကောင်းကင်တမန်တို့သည် သူတို့ဘက်မှတိုက်သဖြင့် ဖိလိတ္တိလူတို့သည် လဲကြ၏။ အလွန်များပြားသော မြင်းစီးသူရဲများနှင့် စစ်ရထားအပေါင်း ချီတက်လာသကဲ့သို့ မြေကြီးသည် တုန်လှုပ်သွား၏။ ယောနသန်သည် ဘုရားသခင်ကူညီတော်မူသည်ကို တွေ့မြင်ခဲ့ရသည်။ ဖိလိတ္တိလူတို့ပင်လျှင် ဘုရားသခင်သည် ဣသရေလတို့ကို ကယ်တင်ရန် လုပ်ဆောင်တော်မူကြောင်း သိရကြသည်။ pp 625

သန့်ရှင်းသော ကောင်းကင်တမန်တို့သည် ယောနသန်နှင့်အတူ မည်သို့ စစ်တိုက်ခဲ့သနည်း။ ယောနသန်နှင့် သူ့အစောင့်ကို ကာကွယ်ပေးခဲ့သည်။ အီဂျစ်လူမျိုးများအပေါ် သန့်ရှင်းသော ကောင်းကင်တမန်တို့သည် ဖျက်ဆီးခြင်းတန်ခိုးကို မည်သို့အသုံးပြုခဲ့ ကြသနည်း။

"သူတို့ရထားအသွားခက်စေခြင်းငှာ ရထားဘီးများကို ချို့တဲ့စေတော်မူ၏။ အဲဂုတ္တုလူတို့ကလည်း၊ ဣသရေလလူတို့ထံမှ ပြေးကြစို့။ ထာဝရဘုရားသည် သူတို့ဘက် အဲဂုတ္တုလူတို့တစ်ဖက်၌ စစ်တိုက်သည်ဟု ပြောဆိုကြ၏။" ထွက်မြောက်ရာ ၁၄း ၂၅

သန့်ရှင်းသော ကောင်းကင်တမန်များသည် ဖျက်ဆီးခြင်းတန်ခိုးဖြင့် လူသတ်လေ့ရှိလျှင် ဘာကြောင့် အီဂျစ်တို့၏ ရထားဘီးကိုများကို ချို့တဲ့စေမည်နည်း။ ဘာကြောင့် အပိုင်းပိုင်းဖြတ်

တောက်၍ မသုတ်သင်ခဲ့ကြသနည်း။ သေသေချာဖတ်သူများ၊ ကြားနိုင်သော နားရှိသောသူတိုင်းက အဖြေကိုတွေ့နိုင်ပါသည်။ မျက်မှောက်ကာလမှ ထာဝရကာလသို့ (GC) အင်္ဂလိပ်စာအုပ် စာမျက်နှာ ၆၁၄.၂ ကို ကိုးကား၍ အလိမ်မခံရပါစေနှင့်။ လူ့စိတ်ထင်အတိုင်း ဘုရားသခင်၏ ပညတ်တော်ကို စောင့်ရှောက်သော ကောင်းကင်တမန်များကို လူသတ်သမားဖြစ်စေရန် အကျိုးကြောင်းအဆက်စပ် မရှိ၊ ကွက်၍ ကိုးကားချက်သာဖြစ်သည်။ ကောင်းကင်တမန်တို့သည် ရထားဘီးများကို ချို့တဲ့စေသည်မှန်လျှင် စစ်သားများ ဖျက်ဆီးခြင်းမခံရစေရန် နောက်ပြန်လှည့်စေဖို့ ကြိုးစားနေခြင်းလည်း ဖြစ်နိုင်သည်မဟုတ်လော။

## ယေရိခေါမြို့ရိုး

အထက်ကဖော်ပြခဲ့ပြီးသော ကိုးကားချက်ကြောင့် ကောင်းကင်တမန်တို့သည် ယေရိခေါမြို့ရိုးများကို ဖြိုဖျက်ခဲ့ကြကြောင်း ကျွန်ုပ်တို့သိပြီးဖြစ်သည်။ မြို့သားတို့သည် မြို့ရိုးပေါ်ရှိနေခဲ့ကြသည်ဖြစ်၍ ကောင်းကင်တမန်သည် မြို့ရိုးပြိုကျစေသဖြင့် သူတို့သေကြေကုန်သည်ဟု ယူဆသူများလည်းရှိသည်။ အောက်ပါ အဆိုပြုချက်များအား သူတို့အယူဆကို အထောက်ကူဖြစ်စေရန် သုံးတတ်ကြသည်။

> "ယေရိခေါမြို့သည် ရုပ်ထုကိုးကွယ်မှု နက်ရှိုင်းစွာ အမြစ်တွယ်နေသော မြို့ဖြစ်သည်။ မြို့သားတို့သည် အလွန်ချမ်းသာကြ၏။ ဘုရားသခင်ပေးသော ချမ်းသာစည်းစိမ်ကို သူတို့ဘုရားများကပေးသည်ဟု ထင်မှတ်ကြသည်။ ရွှေ၊ ငွေ ကြွယ်ဝကြသည်။ ရေလွှမ်းမိုးခြင်းမတိုင်မီက လူသားများကဲ့သို့ သူတို့သည် အကျင့်ပျက်ပြားကာ ဘုရားနာမတော်ကို မထီမဲ့မြင်ပုတ်ခတ်ပြောဆိုကြသည်။ ကောင်းကင်အရှင် ဘုရားသခင်ကို မိမိတို့၏ ဆိုးညစ်သော အပြုမူများဖြင့် အပြစ်တင်၊ စော်ကားကြ၏။ ယေရိခေါမြို့တစ်ဖက်၌ ဘုရားသခင်၏ တရားစီရင်ခြင်းသည် လာလေပြီ။ ထိုမြို့သည် ခိုင်ခံ့သောမြို့ဖြစ်သည်။ သို့သော် **ကောင်းကင်ဗိုလ်ခြေအရှင်သည် ထိုမြို့ကိုတိုက်ခိုက်ရန် ကောင်းကင်စစ်တပ်ကို ဦးဆောင်လာခဲ့ပြီ။ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ကြီးမားသောမြို့ရိုးတို့ကို မြေသို့ချပစ်ခဲ့ကြသည်**။" 3T 264.1

သို့သော်လည်း ထိုအယူဆသည် မမှန်ကြောင်း အောက်ပါ ကိုးကားချက်တွင် တွေ့နိုင်သည်။

> "**ကောင်းကင်နန်းတော်မှ ကောင်းကင်တမန်များကို ဖျက်ဆီးရန် မစေလွှတ်ပါ**။ သူတို့သည် ဘေးအန္တရာယ်ကျရောက်နေသော ဝိညာဉ်များကို စောင့်ရှောက်ကွယ်ကာရန်၊ ပျောက်ဆုံးလူသားများကို ကယ်တင်ရန် လမ်းပျောက်သူများကို ပြန်လည်ခေါ်ဆောင်ရန် စေလွှတ်ခံရသူများဖြစ်သည်။" RH May 10, 1906

ယေရိခေါမြို့သားများကို ဘယ်သူသတ်ခဲ့ကြောင်း သမ္မာကျမ်းစာက အတိအလင်း ဖော်ပြထားပါသည်။

> "ထိုသို့နှင့်အညီ တံပိုးကိုမှုတ်၍၊ လူများတို့သည် ကြွေးကြော်ကြ၏။ တံပိုးသံကို ကြား၍ ကျယ်သောအသံနှင့် ကြွေးကြော်ကြသောအခါ၊ မြို့ရိုးသည် အကုန်အစင်ပြိုလဲ၍၊ လူအပေါင်းတို့သည် မြို့ထဲသို့ တည့်တည့်ဝင်ပြီးလျှင် သိမ်းယူကြ၏။ **မြို့ထဲ၌ ရှိသမျှသောယောကျာ်း၊ မိန်းမ၊ အကြီး၊ အငယ်၊ သိုး၊ နွား၊ မြည်းရှိသမျှတို့ကို ဓားနှင့် ရှင်းရှင်းဖျက်ဆီးကြ၏။**" ယောရှု ၆း ၂၀-၂၁

ယောရှုနှင့် သူ့စစ်တပ်က မြို့တော်၌ ရှိသမျှသောလူတို့ကို သတ်ခဲ့ကြောင်း ကျမ်းစာက ဖော်ပြထားသည်။ မြို့ရိုးတို့ကို ပြိုကျစေခြင်းဖြင့် ကောင်းကင်တမန်တို့သည် လူအများအပြားကို အသေသတ်ကာ ကျန်သောလူများကို ယောရှုစစ်တပ်က သတ်ဖြတ်သည်ဟု ရေးမထားပါ။ ဤကဲ့သို့သော ကျမ်းချက်များသည် ကျမ်းစာဖတ်သည့်အခါ အသေးစိတ် သေချာစွာ ဖတ်မဖတ် သိနိုင်ရန်နှင့် ကျွန်ုပ်တို့၏ ယုံကြည်ယူဆချက်များကို စမ်းသပ်ရန် ရေးထားခြင်းဖြစ်၏။ မြို့ကိုတိုက်ခိုက်ရန် မြို့ရိုးတို့ကို ဖြိုချသည်မှန်သော်လည်း ခရစ်တော်နှင့် ကောင်းကင်တမန်တို့သည် လူ့အသက်သတ်သည်ဟု အတိအလင်း ကျမ်းစာ၌ ရေးမထားသည်ဖြစ်၍ ကျွန်ုပ်တို့ယူဆချက် လျှောက်ထုတ်ရန်မဟုတ်ချေ။

ဤယုံကြည်ချက်အကြောင်း သင် ကောင်းမွန်စွာ ဂရုတစိုက်ဖတ်မည့်အကြောင်း ကျွန်တော်ဆုတောင်းပါသည်။ သင့်ကိုယ်စောင့်ကောင်းကင်တမန်သည် သင့်အချိန် ရောက်လာသောအခါ သင့်ကို သုတ်သင်မည့်သူမဟုတ်ပါ။ ယေရှုနည်းတူ သူတို့သည် ကျွန်ုပ်တို့ကို ချစ်ပါသည်။

ကျွန်ုပ်တို့ကို ကယ်တင်လိုသူများဖြစ်ပါသည်။ ကောင်းကင်တမန်များအကြောင်း ကျွန်တော် တအံ့တသြအဖြစ်ရဆုံးမှာ အောက်ပါ အချက်ကြောင့်ဖြစ်သည်။

> "ဘုန်းတော်နှင့်ပြည့်စုံသော ကောင်းကင်တမန်များသည် ဖောက်ပြန်ကျဆုံး၍ မသန့်ရှင်းတော့သည့် အသက်ဝိညာဉ်များအား မမောတမ်း၊ မပန်းတမ်းကြည့်ရှု စောင့်ရှောက်ခြင်း လုပ်ငန်းများနှင့် မေတ္တာတရားပွားများခြင်း လုပ်ငန်းများတွင် ပျော်ရွှင်မှုကိုတွေ့ကြပါသည်။ ကောင်းကင်သားများသည် လူသားများ၏ နှလုံးသားကို မေတ္တာစကားပြောနေကြသည်။ အထက်ရွှေနန်းတော်မှ အလင်းတော်ကို အမှောင်ကမ္ဘာသို့ ဆောင်ကြဉ်းလာကြသည်။ ၎င်းတို့ကိုယ်တိုင်ရရှိသည့် ရင်းနှီးမှုထက် ပိုသောရင်းနှီးမှုဖြင့် ခရစ်တော်နှင့် မိတ်သဟာယဖွဲ့နိုင်ရန်အတွက် ပျောက်ဆုံးနေသော လူသားများကို ကိုယ်တော်ထံသို့ ပို့ဆောင်ရန် ကောင်းကင်တမန်များသည် လူသားများ၏ စိတ်နှလုံးကို **ကျိုးနွံစိတ်ရှည်စွာဖြင့် နှိုးဆော်တိုက်တွန်းကြပါသည်။**" ထာဝရလိုအင်သက်တော်စဉ် ၄ (DA 21.1)

သန့်ရှင်းသော ကောင်းကင်တမန်များတို့သည် ကျိုးနွံစိတ်ရှည်သူများဖြစ်ကြောင်း၊ အကြမ်းဖက်၊ ဖျက်ဆီးသူများမဟုတ်ကြောင်း တွေ့နိုင်ပါသည်။ အမိန့်တော်ရှိလျှင် သူတို့သည် သက်မဲ့အရာများကို ဖျက်ဆီးကြလိမ့်မည်။ ခရစ်တော်အသက်ပေးသော လူသားများအပေါ်တွင်မူ သေအောင် အင်အားမသုံးကြပါ။ အကြောင်းမှာ ဘုရားသခင့် နိုင်ငံတော်သည် အကြမ်းဖက်မှုကို မကျင့်သုံး။ မေတ္တာကသာလျှင် မေတ္တာစိတ်ကို နှိုးထစေနိုင်သည်။ စောင့်ရှောက်မှုတာဝန်ကို ရပ်စဲရန် အမိန့်ချသည့်အခါ သူတို့လိုက်နာကြရသည်။ နှစ်ပေါင်းများစွာ စောင့်ရှောက်ထားသော လူသားကို စွန့်ပစ်ထားခြင်းသည် ကောင်းကင်တမန်တစ်ပါးအတွက် အလွန်ခက်ခဲသောအရာဖြစ်ပါသည်။ အလင်းသို့ခေါ် နိုင်ရန် သိမ်မွေ့စွာ သူတို့ ကြိုးစားကြ၏။ အဆုံးတွင် "အစွမ်းကုန် ငါလုပ်ဆောင်ပေးခဲ့သော်လည်း သူတို၌ အကျိုးမဖြစ်ထွန်း။ သူတို့စိတ်ဆန္ဒအတိုင်း ရွေးချယ်ခွင့်ပေးလော့။ သူတို့ကို မစောင့်ရှောက်တော့နှင့်" ဟူသော အမိန့်မျိုးကို သူတို့ကြားရသည်။ သခင့်ထံသစ္စာရှိသော သူတို့သည် နှစ်ပေါင်းများစွာ ဂရုတစိုက်စောင့်ရှောက်မှုများ ရပ်တန့်ကာ မိမိတို့သခင်၏ အမိန့်တော်ကို မတွန့်မဆုတ် နာခံကြသည်။ သူတို့ထမ်းရွက်ရသော အမှုတော်သည် အလွန်ဝမ်းနည်းစရာကောင်းပါသည်။ သူတို့သည် အလွန်သစ္စာကြီးကြသည်မဟုတ်လော။

“လူငယ်၏ မျက်စိကို ဘုရားသခင်ဖွင့်သောအခါ ဧလိရှဲဘေးရှိ တစ်တောင်လုံးသည် စစ်မြင်း၊ “မီး”ရထားတို့နှင့် ပြည့်နေကြောင်း သူမြင်တွေ့ခဲ့ရသည်။ ဘုရားသခင့်ကျွန်တော် နှင့် ရန်သူ့စစ်တပ်အကြားတွင် ကောင်းကင်တမန်တို့ ဝန်းရံထား၏။ **သူတို့သည် ကောင်း ကင်မှစွမ်းအားကြီးစွာ ကြွဆင်းလာကြသည်။ ဖျက်ဆီးရန်၊ ဂါရဝပြုခံရန် လာကြသည် မဟုတ်ပါ။ ဘုရားသခင်၏ အားနည်းသော၊ အကူညီမဲ့သောယော်သားများကို စောင့် ရှောက်ရန်ဖြစ်သည်။**” PK 256. 4

**ကောင်းကင်တမန်တို့သည် စွပ်စွဲအပြစ်တင်ရန်၊ ဖျက်ဆီးရန်၊ အုပ်ချုပ်ရန်၊ ဂါရဝပြုခံရန် ဤလောက၌ ကြွလာသည်မဟုတ်ပါ။ ကရုဏာဖြင့် ပြည့်ဝသော စေတမန်တော်တို့သည် ကောင်းကင်ဗိုလ်ခြေအရှင်နှင့် အတူတကွ အမှုတော်ဆောင်ရန်၊** ပျောက်ဆုံးသောသိုးများကို ကယ်တင်သည့်လုပ်ငန်းတွင် ပါဝင်သောလူသားများနှင့် အတူတကွလုပ်ဆောင်ရန် ဤလောက၌ ကြွလာခြင်းဖြစ်သည်။ သူတို့သည် ဘုရားသခင်ကို ချစ်ကြောက်ရိုသေသူများ၏ ပတ်လည်တွင် တပ်ချ၍ စောင့်ရှောက်ရန် တာဝန်ပေးခံရသူများဖြစ်သည်။” ST Nov 20, 1893. Par 3

ကျွန်ုပ်၏ ကိုယ်စောင့်ကောင်းကင်တမန်နှင့် ကောင်းကင်နိုင်ငံတော်တွင် စကားပြော၍ ကျွန်တော်တို့၏ လေ့လာမှုတစ်လျှောက် သူတို့ကျွန်တော့်ကို ဘယ်လိုကူညီခဲ့ကြောင်း ဘုရားသခင့် နှုတ်ကပတ်တော်ကို ဘယ်လိုညွှန်ပြခဲ့ကြောင်း မေးမြန်းသင်ယူနိုင်မည့်အချိန်ကို ကျွန်တော် အလွန်မျှော်လင့်တောင့်တမိပါသည်။ ကျွန်တော့်ကို စောင့်ရှောက်သော ကောင်းကင်တမန်၊ ကျွန်ုပ်မိသားစုကို ဂရုစိုက်သောကောင်းကင်တမန်ကို စေလွှတ်သောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။ ကျွန်ုပ်တို့၏ လုံခြုံရေးအတွက် ခမည်းတော်၌ အဆက်မပြတ်ကြားဖြန်ဖြေပေးကာ အရပ်လေးမျက်နှာရှိလေတို့ကို ထိန်းချုပ်ထားပေးသောကြောင့် ကိုယ်တော့်ကို ကျွန်ုပ်တို့ကျေးဇူးတင်ပါ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ အစဉ်ဝမ်းမြောက်သူများဖြစ်ရပါစေသား။

ဤစာအုပ်နှင့်ပတ်သက်၍ Maranathamedia-Myanmar.comမှ ရရှိနိုင်သော အခြားစာအုပ်တွဲများ

Calvary in Egypt "သေချာစဉ်းစားပါ။ ရောမစစ်သားများ၏ စိတ်ထားကို စာတန်ထိန်းချုပ်ထားသည်မှန်သော်လည်း သူတို့အသက်သည် ဤလောကသို့ ကြွဆင်းလာ၍ လူသားအားလုံးကို အလင်းပေးသူ ပေးထားသော အသက်ဖြစ်သည်။ လူ့ဝိညာဉ်ရှိ ခရစ်တော်၏ တန်ခိုးကို စာတန်အသုံးပြု၍ သူ့ကိုကားတိုင်တင်ခဲ့သည်။ ခဏရပ်၍ထိုအကြောင်းကို စဉ်းစားကြည့်ပါ။ အီဂျစ်ပြည်တွင် ကျရောက်သော ဘေးဒဏ်များနှင့် ကမ္ဘာပေါ်တွင် ကြုံတွေ့ရသော ပျက်စီးခြင်းအားလုံး၏ သော့ချက်ကို ထိန်းချုပ်ထားသူ ကယ်တင်ရှင်၏ လက်တော်ကို တူမြင့်မြင့်မြောက်၍ သံချောင်းဖြင့် ရိုက်နှက်ခဲ့သည့် မြင်ကွင်းကို စိတ်ကူးယဉ်ကြည့်ပါ။

Gods of Egypt as Lightning from Heaven

ကျောက်ခဲဖြင့်ပစ်သတ်သည့် အပြစ်ဒဏ်အကြောင်း ကျမ်းစာ၌ အများအပြား တွေ့နိုင်သည်။ ဤစနစ်သည် ဘယ်ကလာသနည်း။ ထိုဒဏ်ပေးစနစ်ကို မောရှေထံ ဘုရားသခင်ပေးခဲ့သလား။ သို့မဟုတ် အခြားလူတစ်ဦးက ထိုစနစ်ကို စတင်ခဲ့သလား။ ဣသရေလအပေါ် ကျရောက်သော တရားစီရင်ချက်များသည် ဘုရားသခင်ထံမှမဟုတ်ဘဲ သူတို့တရားစီရင်နည်းအတိုင်း သတ်မှတ်ပေးလိုက်ခြင်း ဖြစ်နိုင်မလား။ ရွှေနွားရုပ်ဖြင့် ပြစ်မှားခြင်းသည် ဘုရားသခင်နှင့် ဣသရေလတို့အကြား ဆက်ဆံရေးကို ဘယ်လိုပြောင်းလဲစေခဲ့သလဲ။ သိဖို့ရော လိုပါ့မလား။

Serpent Reveal in Canaan Conquest လူမျိုးခြား၊ ဘာသာခြားနိုင်ငံများကို သတ်ဖြတ်သည့် ဣသရေလတို့၏ ဓားနှင့် ခရစ်တော်၏ သွန်သင်ချက်တို့ကို ဘယ်လို အံ့ဝင်ခွင်ကျဖြစ်စေမလဲ။ ဓားကိုင်သောသူရှိသမျှတို့သည် ဓားဖြင့် ပျက်စီးလိမ့်မည်။ ယောကျာ်း၊ မိန်းမများသာမက ကလေးသူငယ်များကိုပါ သူတို့ သတ်ဖြတ်ခဲ့ကြသည်။ "ထိုအခါ သူ၏မြို့ရှိသမျှတို့ကို တိုက်ယူ၍၊ ယောကျာ်း၊ မိန်းမ သူငယ်တို့ကို တယောက်မျှ မကြွင်း စေခြင်းငှါ ရှင်းရှင်းဖျက်ဆီးကြ၏။" တရားဟောရာကျမ်း ၂း ၃၄

# ဒဏ်ခတ်သော ကောင်းကင်တမန်များ

ဤကဲ့သို့သော ရေးသားချက်များကို သင် မည်သို့နားလည်သနည်း။

"ဘုရားသခင့်အုပ်စိုးမှုအောက်၌ ကောင်းကင်တမန်တို့သည် အစွမ်းတန်ခိုးကြီးကြ၏။ တစ်ခါက ခရစ်တော်၏ အမိန့်တော်ကြောင့် အာရှုရိစစ်သား ၁၈၅၀၀၀ ကို ကောင်းကင်တမန်တို့သည် တစ်ညအတွင်း သတ်ဖြတ်ခဲ့ကြသည်။" DA 702

"ပေတရုကို ထောင်ထဲမှ ကယ်တင်ခဲ့သောကောင်းကင်တမန်သည် ဟေရုဒ်ကို တရားစီရင်သည့် အမျက်ဒေါသ၏ ကောင်းကင်တမန်ဖြစ်သည်။ သူသည် အိပ်ပျော်နေသော ပေတရုကို ပုတ်၍ နှိုးခဲ့သည်။ သို့သော် ဆိုးယုတ်သောရှင်ဘုရင်ကိုမူ အခြားသော ရိုက်ပုတ်မှုဖြင့် ဒဏ်ခတ်ခဲ့သည်။ ရှင်ဘုရင်၏ မာန်မာနကို နိမ့်ချကာ၊ အမြင့်ဆုံးသောဘုရား၏ အပြစ်ဒဏ်ကို သူ့အပေါ် သက်ရောက်စေခဲ့သည်။ ဟေရုဒ်မင်းသည် ဘုရားသခင်၏ ကလဲ့စားချေတရားစီရင်ခြင်းအောက်၌ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်သည် ဝေဒနာပြင်းစွာ ခံရကာ ကွယ်လွန်ခဲ့သည်။" AA 152. 1

ဘုရားသခင့် သန့်ရှင်သောကောင်းကင်တမန်တို့သည် အမှန်တကယ် လူသတ်ပါသလား။ ခရစ်တော်က "ဒီလူတွေ သေသင့်တဲ့အချိန်ရောက်ပြီ။ သွားသတ်ကြပါ" ဟု အမှန်တကယ် စေခိုင်းမည်ဟု ထင်ပါသလား။ ယေရှု ဤလောကသို့ကြွလာခဲ့စဉ်က ဘုရားဇာတိအချို့ ဖုံးကွယ်ခဲ့ပါသလား။ ဤလောက၌ ရှိစဉ်အခါက မည်သူ့ကိုမျှ ယေရှုမသတ်ခဲ့ပါ။ အကယ်၍ လူသတ်ခြင်းသည် ခရစ်တော်၏ အကျင့်စရိုက်တစ်ခုဖြစ်လျှင် ဤလောကတွင်ရှိစဉ်က ဘာကြောင့် လူမသတ်ခဲ့သနည်း။

"လူသားသည် လူတို့၏ အသက်ကို သတ်အံ့သောငှါ ကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှါကြွလာသည်ဟု ဆုံးမတော်မူ" ၏။ ရှင်လုကာ ၉း ၅၅

"ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကို မသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည်အဘယ်သို့ဆိုသနည်း။" ရှင်ယောဟန် ၁၄း ၉